ကြေးမုံ
The Mirror
၁၃၇၂ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (15-9-2010) (၆၅၂၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်း အားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မား ရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မြန်မာ့တပ်မတော် ပြေးခုန်ပစ် အားကစားအဖွဲ့အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ ညနေပိုင်းတွင် စင်ကာပူတပ်မတော် Half Marathon အပြေး ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာ့တပ်မတော် ပြေးခုန်ပစ်အားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

စင်ကာပူသမ္မတနိုင်ငံ၌ စက်တင်ဘာ ၁၂ ရက်တွင် ကျင်းပ သော စင်ကာပူတပ်မတော် Half Marathon အပြေးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာ့တပ်မတော် ပြေးခုန်ပစ် အားကစားအဖွဲ့သည် **စာမျက်နှာ ၃ ကော်လံ ၁ သို့**☆

မင်းရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ အကျိုးကျေးဇူး ဒေသလူမှုစီးပွား ဖွံ့ဖြိုးဝေဆာ

နိုင်ငံအတွင်း ပေါ်များကြွယ်ဝလှသော မြေသယံဇာတ၊ ရေသယံဇာတများကို အသုံးပြု၍ ကျေးလက်နေပြည်သူများ၏ ဘဝမြင့်မားရေးနှင့် ဒေသတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးတို့ အတွက် နိုင်ငံတော်က နိုင်ငံတစ်ဝန်းတွင် ရေရရှိရေးအစီအမံများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိသည့် အညာဒေသတစ်ခွင်ရှိ ဒေသများအနက် ရေစကြိုမြို့နယ်မှ မင်းရွာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယခုအခါ ၎င်းစီမံကိန်းမှ ဒေသနေပြည်သူများအတွက် ဘက်ပေါင်းစုံ အကျိုးပြုလျက်ရှိနေပုံကို သိရှိနိုင်ရန်အတွက် မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးသို့ သွားရောက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်စိုးနှင့် တွေ့ဆုံခဲ့သည်။

မြို့နယ်ဥက္ကဋ္ဌက“မင်းရွာဟာ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ နယ်နိမိတ်ဆက်စပ်နေတဲ့ ဒေသဖြစ်ပါတယ်။မင်းရွာလျှပ်စစ်မြစ်ရေတင် ရေသောက် ဧရိယာအတွင်းမှာ ကမ်းဖြူ သစ်ကြီးတော၊ ဝက္ကတောကျေးရွာအုပ်စု သုံးအုပ်စု နဲ့ ကမ်းဖြူ မင်းရွာ၊ ကိုင်း၊ သစ်ကြီးတော၊ ဝက္ကတော၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

သတင်းဆောင်းပါး
ဖေထွဏ်းဇော်(ရေစကြို)
ဓာတ်ပုံ-ထွဏ်းလူ
အဆင်အပြင် - နိုင်လင်းကြည်

ပင်မမြောင်းအတွင်း စိုက်ပျိုးရေ ပေးသွင်းနေစဉ်။

ယနေ့ ကြေးမုံ သတင်းအညွှန်း

ယူနန်ပြည်နယ် ကူမင်းမြို့တွင် မြန်မာ ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲ အခမ်းအနား ကျင်းပ

စာမျက်နှာ - ၆

စတုတ္ထအကြိမ်မြောက် နွေရာသီ ဒါးဗော့စ်ဖိုရမ် တီယန်ကျင်တွင် ကျင်းပ ကမ္ဘာ့စီးပွားရေးနာလန်ထူမှု ဆွေးနွေးမည်

စာမျက်နှာ - ၄



ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး အာနီးရှွာဇင်နက်ဂါ အရှေ့အာရှနိုင်ငံများသို့ ဈေးကွက်စနည်းနာ ခရီးလှည့်လည်

စာမျက်နှာ - ၅

အာဆင်နယ်နှင့် ရီးယဲလ်မက်ဒရစ်တို့ ခြေစွမ်းပြဂိုးမြူးဖွယ်ရှိသည့် ချန်ပီယံလိဂ်အုပ်စုအဆင့် ဒုတိယနေ့ ပွဲစဉ်များ

စာမျက်နှာ - ၁၁

၁၅-၉-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးဝေစည် နိုင်ငံသစ်ဆီ

တည်ငြိမ်အေးချမ်းမှုသည် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည်။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းမှုရှိသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်နေမည်။ ထို့အတူ ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေးကို အလေးထားသည်။ နိုင်ငံသားအားလုံး၏ စီးပွားရေးဘဝ တိုးတက်ခိုင်မာစေရေး အစီအမံများ ချမှတ်ဆောင်ရွက်ပေးနေပြီ။ အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းစဉ်များကို အစဉ်တစိုက်ဖော်ဆောင်ပေးနေသည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုကြိုးပမ်းနိုင်ခဲ့သဖြင့် တိုင်းရင်းသားညီအစ်ကိုများအကြား ရင်းနှီးချစ်ခင်ယုံကြည်နားလည်မှုများ ဖြစ်ထွန်းရရှိနေပြီ။

ပြည်ထောင်စုတစ်ဝန်း အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်နေသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုလည်း အရှိန်အဟုန်မြှင့် ဖော်ဆောင်နေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍအလိုက် အောင်မြင်မှုအကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။ တိုင်းရင်းသားအားလုံး လက်တွဲညီညီ ကြိုးပမ်းနိုင်ကြ၍ဖြစ်သည်။

တစ်ချိန်တည်းတွင် ပြည်သူအများ လိုလားတောင့်တသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နိုင်ရေး အားထုတ်ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းသည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလ သုံးပါးစလုံးဆက်စပ်ဆောင်ရွက်ရသော လုပ်ငန်းဖြစ်ရာ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည်။ နိုင်ငံသူ၊ နိုင်ငံသား အားလုံးတို့က မှန်ကန်သည့် အသိတရား၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်တို့ဖြင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရပါမည်။

နိုင်ငံတစ်ဝန်း၌ တည်ငြိမ်အေးချမ်းမှုများ လွှမ်းခြုံရရှိနေပြီ။ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်နေကြရပြီ။ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များ၊ ငြိမ်းချမ်းသာယာခြင်း၏ အကျိုးရလဒ်များကို ဒေသခံပြည်သူများ ရရှိခံစားနေကြရပြီ။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးမူဝါဒနှင့်အညီ နိုင်ငံတော်သစ်ကို တည်ဆောက်နေပြီ။ မဝေးတော့သည့်ကာလ၌ ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာပေတော့မည်။ တိုင်းရင်းသားပြည်သူအားလုံးတို့က ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း၊ စည်းလုံးညီညွတ်မှုအစဉ်အလာကောင်းများနှင့်အတူ နိုင်ငံတော်သစ်တည်ဆောက်ရေး ရှေ့ခရီးလမ်း ပန်းတိုင်အရောက် ဆက်လက်လျှောက်လှမ်းနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့ သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ညောင်တုန်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ဟင်္သာတမြို့ လယ်တော်ကျေးရွာရှိ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ပွဲရုံစခန်းတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဟင်္သာတမြို့နယ် အင်းဝဲယ်ကျေးရွာ မိုးစပါး မြေသြဇာကြဲပက်ပွဲသို့ တက်ရောက်အားပေးပြီး ဟင်္သာတ-စက်ကော့(ညောင်တုန်း) ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်ကိုရောက်ရှိကာ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

တွေ့ဆုံအမှာစကားပြောကြား

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ မအူပင်မြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် မအူပင်စက္ကူစက်ရုံသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားသည်။

တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၇ ရက်တွင် မအူပင်-တွံတေးလမ်း လမ်းပြုပြင်ဆောင်ရွက်နေမှု၊ ညောင်တုန်းမြို့နယ် သဇင်ရေကျော်ကျေးရွာ မွေးမြူရေးကန်များ၌ ငါး၊ ပုစွန် မွေးမြူထားရှိမှုနှင့် အိမ်မဲမြို့ ရန်ကုန်-ပုသိမ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း အိမ်မဲချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းမှူးသည် အိမ်မဲမြို့ နယ်မြေခံတပ်ရင်း၌ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ဝန်ကြီး ဦးအုန်းမြင့် တက်ရောက်အားပေး

နေပြည်တော် စက်တင်ဘာ ၁၄

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် စက်တင်ဘာ ၁၀ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်၌ ကျင်းပသည့် သတ္တုတွင်းဝန်ကြီးဌာနမိသားစု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဝန်ကြီးဌာနဝင်းအတွင်း စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အရိပ်ရလေကာပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများ စုပေါင်း၍ ပျဉ်းကတိုး၊ တမာ၊ ပိတောက်၊ ခရေ၊ ကျွန်း၊ ယင်းမာနှင့် စိန်ပန်းကြီးပင်များ စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် သတ္တုတွင်းဝန်ကြီးဌာန မိသားစု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းများ စုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းသည် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ စက်တင်ဘာ ၁၈ ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ Senior Lecturer (MHR) ဒေါ်သီတာဟန်က Historical Development of Tourism in Developed and Developing Countries ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ မည်သူမဆို တက်ရောက်နိုင်ကြကြောင်းနှင့် တက်ရောက်မည့်သူများသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းရုံး ဖုန်း- ၂၁၄၉၄၁၊ ၂၁၄၉၄၅နှင့် ၇၃၀၅၀၇၆၁တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြို့ပြလမ်းကတ္တရာခင်း

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် မြို့ပြလမ်းတစ်လမ်းဖြစ်သော မြတ်သုခလမ်း ကတ္တရာခင်းကျင်းနေမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော့မောင်မောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

သာကေတ မင်္ဂလာကန်တော်ကြီးအတွက် အလှူငွေများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၆)အနောက်ရပ်ကွက်ရှိ မင်္ဂလာကန်တော်ကြီး ကန်တူးကန်ဆယ်လုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၉ ရက်က မြို့နယ်စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အလှူရှင် ရွှေပြည်သာလမ်း (၆)အနောက်ရပ်ကွက် သာကေတမြို့နယ်နေ ဦးအောင်အောင်-ဒေါ်စန်းစန်းချို (Lucky Home Computer Training Service Centre) က ငွေကျပ် လေးသိန်းငါးသောင်း တန်ဖိုးရှိ 8'x 4' အရွယ်ရှိ ကန်တော်မင်္ဂလာ ဆိုင်းဘုတ်တစ်ခုနှင့် 4'x3' အရွယ် ကန်သာယာရေး သတိပေးဆိုင်းဘုတ် သုံးခုတို့၏ စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းရာ အမှုဆောင်နာယက ဦးအောင်ကျော်ညွန့်နှင့် ဘဏ္ဍာရေးမှူး ဦးသက်တင်တို့က လက်ခံရယူသည်။

(အပေါ်ပုံ)

အလားတူ စက်တင်ဘာ ၆ ရက်က ပုဇွန်တောင်မြို့နယ်နေ ဦးမြတ်ကျော်-ဒေါ်သီတာ မိသားစုက အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းခဲ့သည်။ အလှူငွေများ လှူဒါန်းလိုပါက မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးရုံး ဖုန်း-၀၉-၅၁၈၇၀၇၈၊ ၀၉-၅၁၉၅၄၀၇၊ ၇၃၁၀၀၃၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ရွှေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ မိုင်းရယ်၌ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် တွဲဖက်ပြည်နယ်ဥပဒေအရာရှိ ဦးကျော်ထင်နှင့် မိုင်းရယ်မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲတွင် မိုင်းရယ်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်ထင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းသိန်းအောင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးနန္ဒအောင်တို့က မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ မဲဆန္ဒရှင်၊ မဲရုံ၊ မဲပုံးနှင့် လုပ်ငန်းဆိုင်ရာဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်

ထို့နောက် ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်ထင်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ မိုင်းရယ်မြို့နယ်ရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် ၅၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်နေ ဦးသန်း(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)-ဒေါက်တာဒေါ်ခင်သောင်းတို့အား ရည်စူး၍ သားသမီးမြေးတစ်စုက စက်တင်ဘာ ၂၂ ရက်အတွက် တစ်နေ့လုံးစာ အထူးအာဟာရကျွေးမွေးရန်နှင့် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

☆ **ရွှေဖုံးမှ**

ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

တွေ့ဆုံနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်တင်ငွေသည် မြန်မာ့တပ်မတော် ပြေးခုန်ပစ်အားကစားအဖွဲ့အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ့တပ်မတော် ပြေးခုန်ပစ်အားကစားအဖွဲ့သည် အသင်းလိုက်ပြိုင်ပွဲ၌ အဆင့်(၆)၊ နိုင်ငံအလိုက်ပြိုင်ပွဲ၌ အဆင့်(၅)နှင့် အာဆီယံနိုင်ငံအလိုက်ပြိုင်ပွဲ၌ အဆင့်(၄)ရရှိခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ စင်ကာပူတပ်မတော် Half Marathon အပြေးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာ့တပ်မတော်ပြေးခုန်ပစ်အားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❑ **မင်းရွာမှ**

သစ်ခေါက်ဆိပ်၊ ပိတ်သင်းကပ်ကျေးရွာခုနစ်ရွာတို့ပါရှိပါတယ်။ အဲဒီဒေသက မြေအမျိုးအစားက သဲဆန်တဲ့မြေများဖြစ်ပါတယ်။ မြေအားလုံးဟာ ယာမြေတွေဖြစ်ပါတယ်။ ဒေသခံတွေအနေနဲ့ ရေဝတ်ဒဏ်ခံတဲ့ ပဲစင်းငုံတစ်မျိုးတည်းကိုသာ စိုက်ပျိုးနိုင်ခဲ့ကြပါတယ်။ ၂၀၀၃-၂၀၀၄ ခုနှစ်မှာ ရေတင်စီမံကိန်းပြီးတော့ တောင်သူတွေကို စည်းရုံးနည်းပညာတွေပေး၊ လိုအပ်သမျှပံ့ပိုးပြီး နွေစပါး ဧက ၅၀ ကို စတင်စိုက်ပျိုးခဲ့ပါတယ်၊ ကျွန်တော်တို့မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ကလည်း စိုက်ပျိုးရေးဇုန် ရှစ်ဇုန်မှာ မိမိတို့ဇုန်အလိုက် စိုက်ကွင်းအရောက် သွားရောက်ကြပြီး တောင်သူများနဲ့ နီးနီးစပ်စပ်ထိတွေ့ တောင်သူတွေ လိုအပ်တဲ့နည်းပညာ၊ မျိုးကောင်းမျိုးသန့် သွင်းအားစုအဆုံး အားလုံးကို ဖြည့်ဆည်းဆောင်ရွက်ပေးပါတယ်။ စိုက်ပျိုးသမျှ အောင်မြင်ဖို့ ပန်းတိုင်အထွက်နှုန်းရရှိဖို့အတွက် မြေပြင်ချိန်၊ စိုက်ပျိုးချိန်၊ အပင်ပြုစုချိန်၊ ရိတ်သိမ်းချိန်စသည့် အခါမလပ်စောင့်ကြပ်ဆောင်ရွက်မှုကြောင့်လည်း စိုက်ဧက ကလည်းတိုး အထွက်နှုန်းလည်းမြင့်မားလာခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မတိုင်ခင်ကာလက ရေစကြိုမြို့နယ်ရဲ့ ဒေသဝမ်းစာဖူလုံမှုဟာ ၁၅ ရာခိုင်နှုန်းလောက်ပဲ ရှိခဲ့ပါတယ်။ တပ်မတော်အစိုးရလက်ထက်ရောက်တော့ နိုင်ငံတော်က ဆည်တမံငါးခု၊ လျှပ်စစ်မြစ်ရေတင်ခုနစ်ခုကို ဘဏ္ဍာငွေကြေးအမြောက်အမြားသုံးစွဲ တည်ဆောက်ပေးခဲ့တဲ့အတွက် ရေသွင်းစိုက်ဧကများတိုးပွား၊ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်၊ နည်းပညာတိုးတက်မှုနဲ့ ပေါင်းစပ်၊ တောင်သူတွေကလည်း လိုလိုလားလား အားကြိုးမာန်တက်ဆောင်ရွက်စိုက်ပျိုးကြတဲ့အတွက် ၂၀၀၉-၂၀၁၀ခုနှစ် ဒေသဝမ်းစာဖူလုံမှုဟာ ၅၉ ဒသမ ၉၃ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပါတယ်”ဟု ရှင်းလင်းပြောပြသည်။

ထို့နောက် ရေစကြိုမှ ထွက်ခွာလာခဲ့ပြီး ထိုမှတစ်ဆင့် မန္တလေးသွားကားလမ်းအတိုင်း ခရီးဆက်ခဲ့ရာ ဆင်ဖြူရှင်တံတားအနီး သုံးဖာလုံအရောက် မင်းရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ခဲ့သည်။

လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ဦးစီးအရာရှိ ဦးစံကျော်ဝင်းက “ကျွန်တော်တို့ရဲ့ မင်းရွာ ရေတင်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်မှာ စီမံကိန်းစတင်ခဲ့ပြီး ၂၀၀၃-၂၀၀၄ ခုနှစ်မှာ အောင်မြင်စွာပြီးစီးခဲ့ပါတယ်။ ဒီစီမံကိန်းရဲ့ ရေပင်ရေရင်းကတော့ ချင်းတွင်းမြစ်က ရယူပါတယ်၊ ရေတင်အဆင့်က သုံးဆင့်ဖြစ်ပါတယ်၊ ဒီစီမံကိန်းရဲ့ အကျိုးပြုဧက က ၃၀၀၀ ဖြစ်ပါတယ်” ဟု စီမံကိန်းဆိုင်ရာအချက်အလက်များကို အသေးစိပ်ရှင်းပြသည်။

မင်းရွာ လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ အကျိုးပြုဧက အပြည့်အဝ စိုက်ပျိုးနိုင်မှုရှိမရှိ သိလိုသဖြင့် အနီးရှိ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးခင်မောင်ထွေးကို မေးမြန်းခဲ့ရာ “ဒီဒေသ မြေအမျိုးအစားက သဲမြေတွေဖြစ်ပါတယ် ၂၀၀၃ - ၂၀၀၄ ခုနှစ်မှာ နွေစပါး ဧက ၅၀ စတင်စိုက်ပျိုးခဲ့ပါတယ်။ နှစ်အလိုက် စိုက်ပျိုးနိုင်တာကတော့ ၂၀၀၄-၂၀၀၅ မှာ မိုးစပါး ၅၀၃ ဧကနဲ့ နွေစပါး ၁၅၅ ဧက၊ ၂၀၀၅-၂၀၀၆ မှာ မိုးစပါး ၁၅၀၀ ဧက၊ နွေစပါး ၅၀၀ ဧက၊ ၂၀၀၇-၂၀၀၈ မှာ မိုးစပါး ဧက ၁၂၁၂၊ ၂၀၀၈-၂၀၀၉ မှာ မိုးစပါး ဧက ၂၀၀၀၊ ၂၀၀၉-၂၀၁၀ မှာ မိုးစပါး ဧက ၂၀၀၀ စိုက်ပျိုးခဲ့ပြီး ယခု ၂၀၁၀-၂၀၁၁ မှာလည်း မိုးစပါး ဧက ၂၀၀၀ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်”ဟု ရှင်းပြသည်။

လက်တံမြောင်းမှတစ်ဆင့် စိုက်ကွင်းများအတွင်း ရေပေးသွင်းထားသည်ကို တွေ့ရစဉ်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးသန်းစိန်နှင့်အတူ မြောင်းမကြီးဘောင်အတိုင်း စိုက်ကွင်းများဆီသို့ သွားရောက်ခဲ့ရာ ဒေသခံတောင်သူများ စုပေါင်း၍ ထွန်ယက်နေသည်များကိုလည်း မြင်တွေ့ခဲ့ရပါသည်။ စိုက်ပျိုးရေးမန်နေဂျာက “ဒီမြေအားလုံးဟာ သဲဆန်သောမြေများ ဖြစ်ပါတယ်။ ဒီဒေသ ရာသီကလည်း မိုးနည်းဒေသဖြစ်တော့ ရွာသမျှမိုးဟာ မြေထဲကို ချက်ခြင်းစိမ့်ဝင်ပြီး ရေမနေတဲ့အတွက် စပါးမစိုက်ပျိုးနိုင်ခဲ့ပါဘူး။ ခေတ်အဆက်ဆက် ပဲစင်းငုံတစ်မျိုးကိုသာ တစ်နှစ်မှာ တစ်သီးစိုက်ပျိုးတဲ့ဒေသ ဖြစ်ပါတယ်။ အခုတော့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ မြစ်ရေတင်စီမံကိန်းကြီး တည်ဆောက်ပေးခဲ့တဲ့အတွက် စပါးကို စိုက်ပျိုးနိုင်ခဲ့ပါပြီ မြေဆီဩဇာ မကြွယ်ဝတဲ့အတွက် သဘာဝမြေဩဇာနဲ့ ဓာတ်မြေဩဇာကို အချိုးကျပေါင်းစပ်ပြီး ကြိုးပမ်းစိုက်ပျိုးနေကြပါတယ်။ ကျွန်တော်တို့ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ကလည်း ယခုလို တစ်နှစ်ထက်တစ်နှစ် စိုက်ဧကများ တိုးတက်ဖို့ တောင်သူတွေကို စည်းရုံးဆောင်ရွက်နေသလို အခြားတစ်ဘက်မှာလည်း ဒေသခံတောင်သူဦးကြီးများက ယခုလို လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ငွေကြေးအမြောက်အမြား အသုံးပြုတည်ဆောက်ပေးခဲ့တဲ့ နိုင်ငံတော်အစိုးရ၏ စေတနာကို လေးစားတန်ဖိုးထားသောအားဖြင့် အားကြိုးမာန်တက် စိုက်ပျိုးနေကြပါတယ်။ မကြာတော့တဲ့ ကာလမှာတော့ မြစ်ရေတင်က စုပ်တင်ပေးတဲ့ ရေနဲ့အတူ ပါဝင်လာတဲ့ မြစ်အတွင်းက နုန်းအနည်အနှစ် မြေဆီဩဇာတွေဟာ ဒီမြေများအတွင်းမှာ သက်ရောက်မှုများလာတာနဲ့အမျှ စပါးစိုက်ပျိုးတဲ့ ပထမတန်းစား မြေတွေဖြစ်လာမှာ ဖြစ်ပါတယ်”ဟု ရှင်းပြသည်။

ခေတ်အဆက်ဆက် စပါးစိုက်ပျိုးခြင်း မပြုနိုင်ခဲ့သော ရေစကြိုမြို့နယ် မြောက်ဖျားက မင်းရွာဒေသသည် မင်းရွာလျှပ်စစ်မြစ်ရေတင် အကျိုးကျေးဇူးကြောင့် ဒေသဖွံ့ဖြိုး အလှတိုးနေပါကြောင်း ကွင်းဆင်း မှတ်တမ်းပြု ရေးသားတင်ပြလိုက်ရပါသည်။ ။

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုး မင်းရွာဒေသ အခြေခံအချက်အလက်များ ရှင်းပြစဉ်။

Myanmar WWW Institute သင်တန်းကျောင်းမှ အိုင်တီနည်းပညာသင်တန်းသစ်များ ထပ်မံဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၄

Myanmar WWW Institute သင်တန်းကျောင်းမှ အိုင်တီအခြေခံသင်တန်း၊ Programming အခြေခံသင်တန်းနှင့် Java နည်းပညာအထူးပြုသင်တန်းများကို စက်တင်ဘာလအတွင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်သည်။

အိုင်တီအခြေခံသင်တန်းသည် ယနေ့လူငယ်တိုင်းတတ်မြောက်ထားသင့်သော Microsoft Windows စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုနည်း၊ အင်္ဂလိပ်- မြန်မာနှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များ ဖန်တီးနည်း၊ Web Page ပြုလုပ်နည်းအပြင် Programming အခြေခံကို ပိုင်နိုင်စွာ နားလည်တတ်မြောက်စေရန် C++ ဘာသာဖြင့် လက်တွေ့ပြုလုပ်လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် အင်တာနက်နှင့်အီးမေးလ် အသုံးပြုပုံတို့ကိုလည်း သင်ယူရမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လခန့်သာ ကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တက်ရောက်ရမည်ဖြစ်သည်။

Programming Fundamentals သင်တန်းတွင် Programming အခြေခံကောင်းများဖြစ်သော Pseudo Code, Flow Chart များကို အသုံးပြုပြီး Real Program Coding မရေးခင်တွင် Problems ဖြေရှင်းပုံများကို အသေးစိတ်သင်ယူရမည်ဖြစ်သည်။ ၎င်းတို့ကို သင်ယူခြင်းဖြင့် Logical Thinking Skill ကို မြင့်မားစေမှာဖြစ်ပြီး မည်သည့် Programming Language ကိုမဆို ဆက်လက်လေ့လာနိုင်ရန် များစွာအထောက်အပံ့ဖြစ်စေသည်။ သင်တန်းပြီးဆုံးပါက Thinking Skill, Problem Solving Skill များ မြင့်မားလာပြီး မိမိကိုယ်မိမိယုံကြည်စွာဖြင့် Programming ကို ဆက်လက်လေ့လာနိုင်မှာဖြစ်သည်။ ဤသင်တန်းကို Computer အခြေခံရှိသူများ တက်ရောက်နိုင်သည်။ သင်တန်းကာလမှာ နှစ်လခန့် ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် နှစ်ရက်(စနေ+တနင်္ဂနွေ)နှင့် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) ဖြစ်ပြီး ရွေးချယ်တက်ရောက်နိုင်သည်။

Certified Java Programmer (J2SE) Course တွင် OOP သဘောတရားများကို အသေးစိတ်သင်ကြားပေးခြင်း၊ Java ၏ Advanced Features များဖြစ်သည့် Collection Framework အောက်၌ ပါဝင်သော Classes နှင့် Interfaces များ၊ Multithreading Program များ သင်ကြားခြင်း၊ HTML Page များတွင် Java Applet Class ထည့်သွင်းအသုံးပြုပုံကို သင်ကြားပေးခြင်း၊ Network Program များ ရေးသားခြင်း၊ User Interface ပါဝင်သော GUI Application Program များကို Database နှင့် ချိတ်ဆက်၍ ရေးသားပုံကို သင်ကြားပေးခြင်း စသည်ဖြင့် များစွာသော Java ၏ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်သည်အထိ စနစ်တကျ သင်ကြားပေးမည် ဖြစ်သည်။

သင်တန်းတက်ရောက်နေစဉ်အတွင်း Module တစ်ခုပြီးတိုင်း Quizzes များ ဖြေဆိုစေခြင်း၊ Assignments များကို ကိုယ်တိုင်ရေးသားစေခြင်း၊ Exam များ ဖြေဆိုစေခြင်းတို့အပြင် သင်တန်းကာလအားလုံးပြီးဆုံးပါက Database နှင့် ချိတ်ဆက်၍ Class Project တစ်ခုကို တစ်ယောက်ချင်းစီ ရေးသားစေခြင်းတို့ကို ပြုလုပ်စေခြင်းဖြင့် သင်တန်းသားများအား ပိုမိုကျွမ်းကျင်တတ်မြောက်စေမှာ ဖြစ်သည်။ သင်တန်းချိန်မှာ (တနင်္လာ+အင်္ဂါ+ဗုဒ္ဓဟူး+သောကြာ)နှင့် (စနေ+တနင်္ဂနွေ) နှစ်ချိန်ရှိပြီး နှစ်သက်ရာ ရွေးချယ်တက်ရောက်နိုင်သည်။ ယင်းသင်တန်းသည် IT နယ်ပယ်တွင် Java Programmer တစ်ယောက်အဖြစ် ရပ်တည်လိုသူများ၊ နိုင်ငံရပ်ခြားတွင် IT နည်းပညာများကို ဆက်လက်သင်ယူလိုသူများ၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများ၊ Sun Certified Java Programmer (SCJP) Exam ကို ဝင်ရောက်ဖြေဆိုလိုသူများအားလုံးအတွက် အထူးသင့်လျော်သော သင်တန်းဖြစ်သည်။

၎င်းသင်တန်းသုံးမျိုးလုံးအား တန်းခွဲတစ်ခုလျှင် သင်တန်းသား ၁၀ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းကြရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက Myanmar WWW Institute အဆောင် (၅) အခန်း (၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅ နှင့် ၆၅၂၂၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိ -နွားသားမစားရေး မေတ္တာစာ
- ၇း၁၅ ၄။ ဓမ္မပူဇာတေး
- ၇း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၅ ၁၄။ **Mail Box**
- ၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း -၃)
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၈)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရယ်စရာရွှင်စရာ ဟာသပဒေသာ -အဓိပ္ပါယ်လွဲသော စာတန်းများ (ဇာတ်သိမ်း) (သူရလင်း၊ ပေါ်လေး၊ ဇော်၊ ရေချမ်း၊ ဗေဒါ၊ မိုးပွင့်၊ မျိုးစန္ဒီကျော်၊ မျိုးမျိုးခိုင်) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၂။ Internet Website ကဏ္ဍ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၁၆)**
- ၂၅။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

 နိုင်ငံတကာသတင်းများ

စတုတ္ထအကြိမ်မြောက် နွေရာသီ ဒါးဗော့စ်ဖိုရမ် တီယန်ကျင်တွင် ကျင်းပ

ကမ္ဘာ့စီးပွားရေး နာလန်ထူမှု အရှိန်အဟုန်ကို ထိန်းသိမ်းရေး အဖြေရှာဆွေးနွေးမည်

တီယန်ကျင် စက်တင်ဘာ ၁၄ - လွန်ခဲ့သော နှစ်နှစ်က ကမ္ဘာတစ်ဝန်းတွင် စီးပွားရေး ကျဆင်းစေခဲ့သည့် ဘဏ္ဍာရေးကပ်ဆိုက်မှုဖြစ်စဉ်နောက်ပိုင်း၌ ကမ္ဘာ့စီးပွားရေးပြန်လည် နာလန်ထူလာမှု၏ အရှိန်အဟုန်ကို မည်သို့ထိန်းသိမ်းမည် ဆိုသည့်အချက်နှင့် ပတ်သက်၍ အဖြေရှာဆွေးနွေးရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမြောက်ပိုင်း တီယန်ကျင်၌ ယမန်နေ့က စတင်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နွေရာသီဒါးဗော့စ်ဖိုရမ်သို့ ကမ္ဘာအရပ်ရပ်မှ စီးပွားရေးနှင့် နိုင်ငံရေးလောကတွင် ထင်ရှားသူ ၁၅၀၀ ခန့်တို့ တက်ရောက်ကြသည်။

"၂၀၁၀ အောင်ပွဲရ သစ်လွင်များ၏ နှစ်ပတ်လည်အစည်းအဝေး" ဟု လည်း လူသိများသည့် အဆိုပါဖိုရမ်၌ တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာ့စီးပွားရေး တဖြည်းဖြည်း နာလန်ထူလာနေသည့် ယခုကဲ့သို့ အတိမ်းအစောင်း မခံသော အချိန်ကာလတွင် အနာဂတ်၏ဖွံ့ဖြိုးမှုများဆီသို့ ဦးတည်ရှေးရှုသည့် လမ်းစဉ်တစ်ရပ်ကို ယခုဆွေးနွေးပွဲ၌ စူးစမ်းဖော်ထုတ်ကြမည်ဖြစ်ကြောင်း အလေးအနက် ပြောကြားသည်။

တစ်ကမ္ဘာလုံးမှ စီးပွားရေးအကျော်အမော်များ အာရှဒေသတွင် လာရောက်ဆုံစည်းမှုတစ်ရပ်ဖြစ်သည့် အဆိုပါအစည်းအဝေးပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် ကမ္ဘာ့စီးပွားရေးဖိုရမ် (ဒဗလျူအီးအက်ဖ်) က ကမကထပြုကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆိပ်ကမ်းမြို့ဖြစ်သော တီယန်ကျင်တွင် စက်တင်ဘာ ၁၅ ရက် အထိ ကျင်းပသွားမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

စတုတ္ထအကြိမ်မြောက် နွေရာသီ ဒါးဗော့စ်ဖိုရမ်တွင် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင် မိန့်ခွန်းပြောကြားစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

မိုဂါဒစ်ရှူး ပင်လယ်ဆိပ်ကမ်းကို အသေခံတိုက်ခိုက်ရန် ကြိုးပမ်းမှုပျက်ပြား

မိုဂါဒစ်ရှူး စက်တင်ဘာ ၁၄

ဆိုမာလီနိုင်ငံ မြို့တော် မိုဂါဒစ်ရှူးရှိ ပင်လယ်ဆိပ်ကမ်းကို သူပုန်များက အသေခံတိုက်ခိုက်ရန် ကြိုးပမ်းမှုတစ်ရပ်မှာ မအောင်မမြင် ပျက်ပြားသွားကြောင်း ရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

သေနတ်သမားတစ်ဦးသည် စနေနေ့က ဓာတ်ဆီတင်ကားတစ်စီးကို ပြန်ပေးဆွဲကာ မိုဂါဒစ်ရှူး ဆိပ်ကမ်းအဝင်ဂိတ်ရှိ စစ်ဆေးရေးဂိတ်ကို အတင်းဝင်ရောက် မောင်းနှင်စေခဲ့ကြောင်း ရဲအရာရှိ အဗ္ဗဒူလာအဘီက ပြောကြားသည်။

မိုဂါဒစ်ရှူး ဆိပ်ကမ်းအတွက် လုံခြုံရေးတာဝန်ယူထားသော အစိုးရတပ်ဖွဲ့ဝင်များက အတင်းမောင်းဝင်လာသော ဓာတ်ဆီတင်ကားကို ရပ်တန့်သွားစေရန် ယင်းကား၏ တာယာများကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒဏ်ရာရရှိထားသော မော်တော်ယာဉ်မောင်းနှင့် သေနတ်သမားတို့ကို ဖမ်းဆီးခဲ့သည်။ အဆိုပါ သေနတ်သမားနှင့်အတူ အိတ်တစ်လုံးအတွင်း ထည့်သွင်းထားသော ဖောက်ခွဲရေးပစ္စည်းများကို သိမ်းဆည်းရမိသည်။

သေနတ်သမားသည် ပင်လယ်ဆိပ်ကမ်းဆီသို့ ဦးတည်မောင်းနှင်နေသော ဓာတ်ဆီတင်ကားတစ်စီးကို ပြန်ပေးဆွဲကာ အသေခံတိုက်ခိုက်ရန် ကြိုးပမ်းခဲ့သည်မှာ ထင်ရှားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်မှုရှိသော အယ်လ်ရှာဘား အမည်ရှိ အကြမ်းဖက်အုပ်စုက လွန်ခဲ့သည့်နှစ်နှစ်တာ ကာလအတွင်း ဆိုမာလီနိုင်ငံ၌ တိုက်ခိုက်မှုများ ပြုလုပ်နိုင်ရန် အသေခံဗုံးခွဲသူများကို အသုံးပြုလာခဲ့သည်။ **ရိုက်တာ။**

မက္ကဆီကို မူးယစ်ရာဇာ တစ်ဦးအား ဖမ်းမိ

မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၄

မက္ကဆီကိုအစိုးရက အလိုရှိဆုံးသော မူးယစ်ရာဇာများအနက်မှ တစ်ဦးဖြစ်သည့် အဲလ်ဂရန်ဒီးဟု လူသိများသော ဆာဂျီယိုဗီလာရီးယဲလ်ကို နိုင်ငံအရှေ့ပိုင်း ပွဲဗလာမြို့တွင် မရိန်းတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ပြီဖြစ်ကြောင်း အာဏာပိုင်များက တနင်္လာနေ့တွင် ကြေညာသည်။

မူးယစ်ဆေးဝါး မှောင်ခိုအုပ်စုများ စုစည်းထားသည့် အရှိန်အဝါ ကြီးမားသော ဘဲလ်ထရန်လေးဗားဟု အမည်တွင်သည့် မူးယစ်ဂိုဏ်းကြီးတွင် ၎င်းသည် ထိပ်တန်းလက်ထောက်တစ်ဦး ဖြစ်သည်ဟု ဆိုသည်။

ယင်းဂိုဏ်းအဖွဲ့ဝင် ပြိုင်ဘက်အုပ်စု ခေါင်းဆောင်ဖြစ်သည့် ဗာဗီးဟု သိကြသော အခြားမူးယစ်ရာဇာတစ်ဦးကို ဖမ်းဆီးရမိပြီး နှစ်ပတ်အကြာတွင် ၎င်းကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။

ထောက်လှမ်းရေးအဖွဲ့၏ စစ်ဆင်ရေးပြီးဆုံးပြီးနောက် သေနတ်တစ်ချက်မျှ မပစ်ဖောက်ရဘဲလျက် ဗီလာရီးယဲလ်ကို ဖမ်းဆီးနိုင်ခဲ့သည်ဟု ရေတပ်က ကြေညာသည်။ ၎င်းနှင့်အတူ အခြားအဖွဲ့ဝင် နှစ်ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့သည်။

ဆာဂျီယို ဗီလာရီးယဲလ်ကို ဖမ်းဆီးနိုင်ရန် သတင်းပေးသူအား ပေါင် ၁ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ သန်းခန့်) ဆုငွေပေးမည်ဟု ကြေညာထားသည်။ **အင်တာနက်။**

ဂါဇာကမ်းမြောင် မြောက်ပိုင်းတွင် အစ္စရေးတို့၏ လက်နက်ကြီးပေါက်ကွဲ၍ သုံးဦးသေဆုံး

ဂါဇာ စက်တင်ဘာ ၁၄

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းရှိ ဘိတ်ဟာနောင်းမြို့တွင် တနင်္ဂနွေနေ့က အစ္စရေးအမြောက်တပ်မှ လက်နက်ကြီး ကျည်ဆန်ပေါက်ကွဲမှုကြောင့် ပါလက်စတိုင်းလူမျိုး သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ဆေးဘက်ဆိုင်ရာမှလာသော အထောက်အထားများနှင့် မျက်မြင်သက်သေများ၏ ပြောကြားချက်အရ သိရသည်။

မျက်မြင်သက်သေများ၏ အဆိုအရ ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းနှင့် အစ္စရေးနယ်စပ်အကြားတွင် မော်တာကျည်အချို့ ကျရောက်ပေါက်ကွဲသည်ဟု သတင်း၌ ဖော်ပြသည်။ ထိုဖြစ်စဉ်၌ သားအဖနှစ်ဦးသေဆုံးပြီး ဒဏ်ရာရရှိသူတစ်ဦးမှာ ဒဏ်ရာပြင်းထန်၍ ဆေးရုံသို့အရောက်၌ သေဆုံးသည်။

ဂါဇာ စစ်သွေးကြွများက မကြာမီကာလအတွင်း ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းမှနေ၍ အစ္စရေးတောင်ပိုင်းကို လက်လုပ်ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ပြီးနောက် အထက်ပါအတိုင်း အစ္စရေးစစ်ဘက်က လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ခြင်းဖြစ်သည်။ ပါလက်စတိုင်းတို့၏ ဒုံးကျည်ဖြင့် ပစ်ခတ်မှုတွင် အစ္စရေးဘက်မှ သေကျေပျက်စီးမှုမရှိဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အစ္စရေး ကင်းလှည့်စစ်ကားများကို ဂါဇာကမ်းမြောင်ဒေသအနီး၌ စက်တင်ဘာ ၁၂ ရက်က တွေ့ရစဉ်။

ဗင်နီဇွဲလား လေယာဉ်ပျက်ကျမှု သေဆုံးသူ ၁၅ ဦးအထိ ရှိလာ

ကာရာကတ်စ် စက်တင်ဘာ ၁၄

ဗင်နီဇွဲလားနိုင်ငံပိုင် ကွန်ဗီယာဆာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဘိုလီဗာပြည်နယ် အရှေ့တောင်ပိုင်း၌ ပျက်ကျခဲ့ရာ သေဆုံးသူ စုစုပေါင်း ၁၅ ဦးအထိ ရှိလာပြီး ၃၆ ဦး ထိခိုက်ဒဏ်ရာရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြင်သစ်လုပ် အေတီအာ-၄၂ အမျိုးအစား အဆိုပါ လေယာဉ်သည် ၎င်း၏ ခရီးဆုံးဖြစ်သည့် ပွာတိုအော်ဒက်ဇ်မြို့အနီးရှိ မင်နျူယယ်ကားလော့စ်လေဆိပ်သို့ ဆိုက်ရောက်ခါနီးတွင် စက်ချွတ်ယွင်းမှုဖြစ်ကာ သံမဏိစက်ရုံဝင်းတစ်ခုအတွင်းသို့ ထိုးဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းလေယာဉ်သည် ကာရစ်ဘီယံပင်လယ်အပန်းဖြေစခန်း တစ်ခုဖြစ်သော မာဂါရီတာကျွန်းမှ ပျံသန်းလာခြင်းဖြစ်ကြောင်း မီဒီယာများက ထုတ်လွှင့်ဖော်ပြသည်။

လေယာဉ်ပေါ်တွင် ခရီးသည်နှင့် လေယာဉ်အမှုထမ်း စုစုပေါင်း ၅၁ ဦး လိုက်ပါလာခြင်းဖြစ်ပြီး ဒဏ်ရာရသူ ၃၆ ဦးကို ဆေးဝါးပြုစုကုသပေးလျက်ရှိသည်။ ခရီးသည်အများစုမှာ ဘိုလီဗာပြည်နယ်တွင် နေထိုင်ကြသည့် ဗင်နီဇွဲလားလူမျိုးများဖြစ်ကြကြောင်း သတင်းများတွင် ဆက်လက်ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်တောင်ပိုင်းတွင် စစ်သွေးကြွ ၁၄ ဦးသေဆုံး

ကဘူး စက်တင်ဘာ ၁၄

အာဖဂန်တပ်ဖွဲ့ဝင်များနှင့် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့များ ပူးပေါင်း၍ အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဥရုဇဂန်ပြည်နယ်တွင် စစ်ဆင်ရေးပြုလုပ်ရာ စစ်သွေးကြွ ၁၄ဦးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့က တနင်္လာနေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

တနင်္ဂနွေနေ့က ဥရုဇဂန်ပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့ ကင်းလှည့်စဉ်က အာဖဂန်တပ်ဖွဲ့နှင့် အပေါင်းပါတပ်ဖွဲ့တို့က စစ်သွေးကြွများအား သုတ်သင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသော်လည်း နေရာအတိအကျကိုမူ ပြောကြားမှုမရှိဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အစ္စရေး-ပါလက်စတိုင်း ဒုတိယအကျော့ တွေ့ဆုံဆွေးနွေးပွဲ အီဂျစ်အပန်းဖြေစခန်း ရှမ်အယ်လ်ရှိတ်၌ စတင်ကျင်းပ

ရှမ်အယ်လ်ရှိတ်(အီဂျစ်) စက်တင်ဘာ ၁၄

အစ္စရေး-ပါလက်စတိုင်းတို့၏ တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှု ဒုတိယအကျော့အဖြစ် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့သည် အီဂျစ်နိုင်ငံ အပန်းဖြေစခန်း ရှမ်အယ်လ်ရှိတ်၌ ယနေ့တွေ့ဆုံကြသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ ပထမအကျော့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ စက်တင်ဘာ ၂ ရက်က ပြုလုပ်ခဲ့သည်။ နှစ်နှစ်ခန့်အတွင်း ပထမဆုံးအကြိမ် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

ယခုကျင်းပသော ဒုတိယအကျော့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးပွဲသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အမေရိကန်အထူးသံတမန် ဂျော့ဂ်ျမစ်ချဲလ်တို့ တက်ရောက်ကြသည်။

သီးခြားစီ ဆွေးနွေး

သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲမကျင်းပမီ အီဂျစ်သမ္မတ ဟိုစနီမူဘာရက်က ဟီလာရီကလင်တန်နှင့်လည်းကောင်း၊ အစ္စရေးနှင့်ပါလက်စတိုင်း ခေါင်းဆောင်များနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်တိုးတက်လာစေရန် ကြိုးပမ်းနေကြသော်လည်း အစ္စရေးနိုင်ငံ၏ ရဟူဒီအခြေစိုက်နေထိုင်ရာ ရပ်ကွက်များတည်ဆောက်မှုပြဿနာမှာ အဓိက အဟန့်အတားတစ်ရပ်အဖြစ် ဆက်လက်ပေါ်ပေါက်နေသည်။

အနောက်ဘက်ကမ်းဒေသ၌ ရဟူဒီအခြေစိုက်နေထိုင်ရာရပ်ကွက်များ တည်ဆောက်မှုကို ၁၀လကြာရပ်ဆိုင်းထားရန် အစ္စရေးက ဆုံးဖြတ်ခဲ့သော်လည်း ယင်းသို့ဆိုင်းငံ့ထားမှုကာလမှာ စက်တင်ဘာ ၂၆ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။ ရဟူဒီအခြေစိုက်နေထိုင်ရာရပ်ကွက်များ တည်ဆောက်မှု ဆိုင်းငံ့ထားမည့်ကာလကို သက်တမ်းတိုးပေးခြင်းမရှိပါက တိုက်ရိုက်တွေ့ဆုံဆွေးနွေးပွဲမှ နုတ်ထွက်မည်ဟု ပါလက်စတိုင်းသမ္မတက ထပ်တလဲလဲသတိပေးခဲ့သည်။ **ဆင်ဟွာ။**

အမေရိကန်တောင်တက်သမားတစ်ဦးကို အာမခံဖြင့် အီရန်ပြန်လည်လွှတ်ပေး

တီဟီရန် စက်တင်ဘာ ၁၄

ထိန်းသိမ်းခံထားရသော အမေရိကန်တောင်တက်သမားသုံးဦးအနက် တစ်ဦးကို အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ တန် အာမခံဖြင့် ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း အီရန်ရှေ့နေချုပ်ရုံးက အင်္ဂါနေ့တွင် ပြောကြားသည်။

အာမခံငွေ

အမေရိကန် တောင်တက်သမားတစ်ဦးဖြစ်သူ ဆာရာရှာအတ်အတွက် အာမခံတင်သွင်းငွေ ၅၀၀၀၀၀ ရရှိပြီးနောက် ၎င်းကို ပြန်လည်လွှတ်ပေးရန် အီရန်အစိုးရရှေ့နေ အဘတ်စ်ဂျာဖရီဒိုလာတာဘာဒီက ညွှန်ကြားလိုက်ကြောင်း အီရန် အိုင်အက်စ်အင်န်အေသတင်းဌာနက သတင်းထုတ်ပြန်သည်။

အာမခံတင်သွင်းငွေ ဒေါ်လာ ၅၀၀၀၀၀ ဖြင့် အမေရိကန်အမျိုးသမီး တောင်တက်သမားကို ပြန်လည်လွှတ်ပေးရန် အသင့်ရှိသည်ဟု တနင်္ဂနွေနေ့က ကျင်းပသော သတင်းစာ ရှင်းလင်းပွဲတွင် ဒိုလာတာဘာဒီက ပြောကြားခဲ့သည်။

အဖမ်းခံရ

အမေရိကန် တောင်တက်သမားများဖြစ်သော ဆာရာရှာအတ်၊ ဂျို့ရှ်ဖာတယ်နှင့် ရှိန်းဘူယာတို့သည် အီရန်နိုင်ငံအတွင်းသို့ ယင်းနိုင်ငံ၏ အနောက်ဘက်နယ်စပ်ဒေသမှ ဥပဒေမဲ့ဝင်ရောက်လာခဲ့မှုဖြင့် လွန်ခဲ့သည့်နှစ် ဇူလိုင် ၃၁ ရက်က အဖမ်းခံခဲ့ရသည်။

သက်တမ်းတိုး

အခြားအမေရိကန် တောင်တက်သမားနှစ်ဦးအား ထိန်းသိမ်းထားမှုကို နောက်ထပ်နှစ်လ သက်တမ်းတိုးချဲ့ရန် တရားစီရင်ရေးအဖွဲ့က ဆုံးဖြတ်ခဲ့သည်။ **ဆင်ဟွာ။**

ယီမင်တွင် သဘာဝဓာတ်ငွေ့ရည်ပိုက်လိုင်းကို အယ်လ်ခိုင်ဒါအဖွဲ့ ဖောက်ခွဲ

ဆာနာ(ယီမင်) စက်တင်ဘာ ၁၄

ယီမင်နိုင်ငံတွင် ပြည်ပသို့တင်ပို့ရောင်းချရန်အတွက် ယီမီနီမာဗစ်ပြည်နယ်မှ ရှာဗွာပြည်နယ်တောင်ပိုင်းရှိ ဘဲလ်ဟတ်ဆိပ်ကမ်းသို့ သဘာဝဓာတ်ငွေ့ရည် (အယ်လ်အန်ဂျီ)များ သယ်ဆောင်သည့် ပိုက်လိုင်းကို အယ်လ်ခိုင်ဒါလက်နက်ကိုင်အုပ်စုတစ်စုက တနင်္လာနေ့တွင် ဖောက်ခွဲလိုက်ကြောင်း ရဲတပ်ဖွဲ့နှင့် ယီမင်ဂက်စ်ကုမ္ပဏီမှ တာဝန်ရှိသူတို့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဖောက်ခွဲခံရ

ရှာဗွာပြည်နယ်အတွင်းရှိ ဓာတ်ငွေ့ရည်ပိုက်လိုင်းကို တနင်္လာနေ့ နံနက် ဒေသစံတော်ချိန် ၇ နာရီတွင် ဖောက်ခွဲခံရကြောင်း ယီမင်အယ်လ်အန်ဂျီကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အရေးပေါ်

ယင်းပေါက်ကွဲမှုတွင် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း၊ အခြေအနေကိုလေ့လာ၍ ထိန်းချုပ်နိုင်ရန် အရေးပေါ်အစီအစဉ်များကို ဆောင်ရွက်ပြီးစီးကြောင်း၊ ပိုက်လိုင်းလုံခြုံရေးအတွက် ယီမင်အစိုးရတပ်ဖွဲ့များနှင့်အားဖြည့်ထားကြောင်း ကြေညာချက်တွင် ထပ်မံဖော်ပြထားသည်။

မီးလောင်လျက်ရှိ

အဆိုပါ ဗုံးဖောက်ခွဲခြင်းခံရသည့်အတွက် ပိုက်လိုင်းမှာ ဆိုးရွားစွာ ပျက်စီးသွားပြီး ဓာတ်ငွေ့ရည်များ ပေးပို့မှုမှာ ပြတ်တောက်သွားကြောင်း၊ မီးအကြီးအကျယ်လောင်ပြီး မီးခိုးများတလိပ်လိပ်တက်လျက်ရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အရာရှိက ပြောကြားသည်။

ဗုံးများအသုံးပြု

အယ်လ်ခိုင်ဒါစစ်သွေးကြွများသည် ပိုက်လိုင်းကို ဖောက်ခွဲရာတွင် ဗုံးအမြောက်အမြားကို အသုံးပြုခဲ့ကြကြောင်း မျက်မြင်တွေ့ရှိကြသော ထိုဒေသမှ မျိုးနွယ်စုများက ပြောကြားသည်။ **ဆင်ဟွာ။**

အီဂျစ် လူမှောင်ခိုထုတ်သူတစ်ဦး အသတ်ခံရမှု ရုရှားနှင့် မော်လ်ဒိုဗာနိုင်ငံသား ၁၆ ဦးကို ထိန်းသိမ်း

ကိုင်ရို စက်တင်ဘာ ၁၄

အီဂျစ်လူမျိုး လူမှောင်ခိုထုတ်သူတစ်ဦး အသတ်ခံရမှုနှင့် စပ်လျဉ်း၍ ရုရှားနှင့် မော်လ်ဒိုဗာနိုင်ငံသား ၁၆ ဦးကို အီဂျစ်နိုင်ငံတွင် ထိန်းသိမ်းထားကြောင်း လုံခြုံရေးတာဝန်ရှိသူများက စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

နယ်စပ်ဒေသမှတစ်ဆင့် အစ္စရေးနိုင်ငံအတွင်းသို့ ခိုးဝင်မည့် တရားမဝင် ရွှေ့ပြောင်းအခြေစိုက်သူ ၁၆ ဦးအနက်မှ အမျိုးသမီးတစ်ဦးကို အီဂျစ်လူမျိုး လူမှောင်ခိုထုတ်သူတစ်ဦးက အဓမ္မပြုကျင့်ရန် လုပ်ဆောင်ရာမှ ၎င်းမှာ ဓားထိုးခံရပြီး သေဆုံးခဲ့ရကြောင်း အီဂျစ်ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယင်းအမှု ပေါ်ပေါက်ခဲ့ပြီးနောက် ရုရှားနှင့်မော်လ်ဒိုဗာနိုင်ငံသားများဖြစ်သော အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီးလေးဦးတို့က အီဂျစ်ရဲတပ်ဖွဲ့ထံ ၎င်းတို့ကိုယ်တိုင် အဖမ်းခံခဲ့ကြသည်။ ဓားထိုးခံရကာ သေဆုံးခဲ့သူ အီဂျစ်လူမှောင်ခို မာဆွတ်ဆလင်း၏ မိသားစုဝင်များက အဆိုပါ တရားမဝင်ရွှေ့ပြောင်း အခြေစိုက်သူများအား လက်စားချေ တိုက်ခိုက်မည်ကို စိုးရိမ်ပူပန်ရသဖြင့် ၎င်းတို့ကိုယ်တိုင် အဖမ်းခံခဲ့ကြခြင်း ဖြစ်သည်။

တရားမဝင် ရွှေ့ပြောင်းအခြေစိုက်မည့်သူများသည် အစ္စရေးနိုင်ငံအတွင်းသို့ ခိုးဝင်နိုင်ရန် လူမှောင်ခိုထုတ်သူ မာဆွတ်ဆလင်းကို တစ်ဦးလျှင် ဒေါ်လာ ၁၀၀၀ စီ ပေးခဲ့ရကြောင်း ရဲတပ်ဖွဲ့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထိုစဉ်အတွင်း အီဂျစ်ရဲတပ်ဖွဲ့သည် အစ္စရေးနိုင်ငံအတွင်းသို့ နယ်စပ်ဒေသမှ ခိုးဝင်ရန် ကြိုးပမ်းသူ ဆူဒန်နိုင်ငံသားတစ်ဦးကို သောကြာနေ့က ပစ်ခတ်ဖမ်းဆီးရာ ၎င်းမှာ သေဆုံးခဲ့သည်။

ယခုနှစ် ယခုအချိန်အထိ နယ်စပ်ဒေသမှတစ်ဆင့် ခိုးဝင်ရန် ကြိုးပမ်းသူများအနက် ၃၁ ဦး အသတ်ခံခဲ့ရကြောင်း၊ ၎င်းတို့ အနက် ၂၆ ဦးမှာ အီဂျစ်ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ **အင်တာနက်။**



ဝါးလ်ရပ်စ်ဖျံကြီးများ အလာစကာသို့ရောက်

ကောင်ရေ သောင်းနှင့်ချီသော ဝါးလ်ရပ်စ်ပင်လယ်ဖျံကြီးများသည် ၎င်းတို့ ခိုနားရာ ပင်လယ်ရေခဲမျောများ အရည်ပျော်လာမှုကြောင့် အလာစကာပြည်နယ် အနောက်မြောက်ပိုင်း ကမ်းခြေဒေသများသို့ တက်ရောက်ခိုလှုံလာကြသည်ကို စက်တင်ဘာ ၇ ရက်က တွေ့ရစဉ်။

[ယင်းကဲ့သို့ ဖြစ်စဉ်မျိုးမှာ ၂၀၀၇ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်တို့ တွင်လည်း ဖြစ်ပွားခဲ့သည်။] **ဓာတ်ပုံ-အေပီ။**

ကာလီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး အာနိုးရှွာဇင်နက်ဂါ အရှေ့အာရှနိုင်ငံများသို့ ဈေးကွက်စနည်းနာခရီးလှည့်လည်

တိုကျို စက်တင်ဘာ ၁၄

ကာလီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး အာနိုးရှွာဇင်နက်ဂါသည် ၎င်း၏ ပြည်နယ်အတွက် ကုန်သွယ်မှုစနည်းနာရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရေးအတွက် ကြိုးပမ်းမှုအနေဖြင့် ကုန်သွယ်ရေးမစ်ရှင်တစ်ခုကို ဦးဆောင်ကာ အရှေ့အာရှနိုင်ငံများသို့ ခရီးလှည့်လည်လျက်ရှိသည်။

ကာလီဖိုးနီးယားပြည်နယ်၏ စီးပွားရေးမှာ ကမ္ဘာပေါ်တွင် အဋ္ဌမမြောက်အကြီးမားဆုံးဖြစ်သည်။ လက်ရှိအခြေအနေတွင် အကျပ်အတည်းများနှင့် ရင်ဆိုင်နေရပြီး ဘတ်ဂျက်လိုငွေပြမှု အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံ (ပေါင် ၁၂ ဘီလီယံ) အထိရှိနေသည်။

အာနိုးရှွာဇင်နက်ဂါသည် ဂျပန်သို့ ရောက်ရှိနေစဉ်အတွင်း ကာလီဖိုးနီးယားပြည်နယ်တွင် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် အကူအညီရှာဖွေရေးနှင့် ကာလီဖိုးနီးယားပြည်နယ်ထွက်ကုန်များ ရောင်းချရေးအတွက် ဈေးကွက်ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကာလီဖိုးနီးယားပြည်နယ်အနေဖြင့် ကြီးမားကျယ်ပြန့်လှသည့် အာရှဈေးကွက်အတွင်းမှ အကျိုးအမြတ်များကို ရယူနိုင်ရန် ပြိုင်ဘက်ကင်းသည့် အဆင့်တစ်နေရာကို ရရှိထားကြောင်း၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများရှိ လူဦးရေ ၁ ဒသမ ၅ ဘီလီယံသည် မိမိတို့၏ ထုတ်ကုန်များကို သုံးစွဲမည့် အလားအလာရှိသော ဈေးကွက်တစ်ခုဖြစ်ကြောင်းဖြင့် ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးက ဂျပန်နိုင်ငံရှိ အမေရိကန်ကုန်သည်ကြီးများက တည်ခင်းဧည့်ခံသော ညစာစားပွဲ၌ ပြောကြားသည်။

ကာလီဖိုးနီးယားပြည်နယ်တွင် မြန်နှုန်းမြင့် ရထားလမ်းများ တည်ဆောက်ရန် ကန်ထရိုက်ရရှိရေးအတွက် ဂျပန်နိုင်ငံက မျှော်လင့်လျက်ရှိသော်လည်း တရုတ်နိုင်ငံနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါ ညစာစားပွဲတွင် အာနိုးရှွာဇင်နက်ဂါက ၎င်းကိုယ်၎င်း အရောင်းဈေးသည် အကြီးအကဲအဖြစ်လည်း ရည်ညွှန်းပြောဆိုသွားသည်။ **အင်တာနက်။**

ဝန်ကြီး ဦးတင်နိုင်သိန်းအား အိန္ဒိယသမ္မတနိုင်ငံမှ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းအား အိန္ဒိယသမ္မတနိုင်ငံ ပါလီမန်အမတ် Mr. Mani Shanker Aiyar နှင့် မီဇိုရမ်ပြည်နယ် ဂုဏ်ထူးဆောင် ကုန်သွယ်ရေးဝန်ကြီး Mr. Lalrinllana Sailo တို့ ဦးဆောင်သော အနောက်ဘင်္ဂလားပြည်နယ်၊ မီဇိုရမ်ပြည်နယ်၊ မဏိပူရပြည်နယ်၊ နာဂလန်းပြည်နယ်နှင့် အရူနာချာပရာဒက်ရှ်ပြည်နယ်တို့မှ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. VS Seshadri လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ပင်လယ်ရေကြောင်းကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

အဆိုပါ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင် ၅၅ ဦး ပါဝင်သော အဖွဲ့သည် စက်တင်ဘာ ၁၃ ရက် ညပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ မြန်မာစီးပွားရေးလုပ်ငန်းရှင် ၆၀ တို့နှင့် တွေ့ဆုံ၍ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးညဏ်ဝင်း ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသည့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ဝန်ကြီး ဦးညဏ်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်စိုး၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးဇော်ဖြိုးဝင်းနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ အရာထမ်းများ၊ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ချင်ကွမ်းရှန်၊ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ ဂူရှောက်ရှီ၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးဟုန်၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ရုံးသစ်ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ရုံးသစ်အဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်သစ်များကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးက ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား အမ်းပတ်ဂရင်းဟိုတယ်ရှိ ဂရင်းခန်းမကြီး၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ နေ့လယ်စာ စားပွဲမစတင်မီ ဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ယူနန်ပြည်နယ် စစ်ဆောင်ပန်နပြည်နယ်ခွဲ ကျင့်ဟုန်မြို့သို့ သွားရောက်လေ့လာခဲ့ကြသည်။

ဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်စိုးနှင့် အရာထမ်းများလည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ယူနန်ပြည်နယ် ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပစဉ်။ (နိုင်ငံခြားရေး)

ကိုရီးယားနိုင်ငံထုတ် Nano Energizer အမှတ်တံဆိပ် ထုတ်ကုန်ပစ္စည်းများ စတင်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၄

Nano Energizer အမှတ်တံဆိပ် ထုတ်ကုန်ပစ္စည်းများသည် ကိုရီးယားနိုင်ငံထုတ် အရည်အသွေးမြင့်ပစ္စည်းဖြစ်သည်။ အရည်အသွေး၊ အာမခံချက်နှင့် လက်တွေ့ စမ်းသပ်ချက်များအရ သုံးစွဲသူများအကြားသို့ ဈေးကွက်တင်မိတ်ဆက်ရောက်ရှိသည်။

Nano Energizer သည် အင်ဂျင်အကြီးစားများအတွက် All in One Type နှင့် အင်ဂျင်အသေးများ အတွက် Smaller Engine ဟူ၍ နှစ်မျိုးထုတ်လုပ်ထားသည်။

Nano Energizer သည် ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သည့် Yangon Expo 2010 ပြပွဲတွင် လည်းကောင်း၊ ဩဂုတ် ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် မကွေးမြို့ အီလက်ထရွန်နစ်နှင့် လူသုံးကုန်ဆိုင်ရာပြပွဲတွင် လည်းကောင်း ပါဝင်ပြသခဲ့သည်။ မကွေးမြို့ ကုန်စည်ပြပွဲ နောက်ဆုံးနေ့တွင် သုံးစွဲသူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန်အတွက် Nano Energizer Smaller Engine ထည့်သွင်း အသုံးပြုထားသော မော်တော်ဆိုင်ကယ် အင်ဂျင်များအား အင်ဂျင်ဝိုင်ဖောက်ထုတ်ပြီး အင်ဂျင်ဝိုင်လုံးဝမပါရှိဘဲ တစ်နာရီခန့် အောင်မြင်စွာ စမ်းသပ်မောင်းနှင်ပြသခဲ့သည်။

Nano Energizer သည် Engine Ceramic Coating ဖြစ်သည့်အား လျော်စွာ Engine အတွင်းပိုင်းတွင် Metal to Metal Contact ကြောင့် နာနေသော မျက်နှာပြင်များအား Coating တစ်ထပ်ပြုလုပ်ပေးသည်။ အဆိုပါ Coating ၏အထူသည် 2 Micron မှ 5 Micron သာရှိသည့်အတွက် အင်ဂျင်၏ မည်သည့် အစိတ်အပိုင်းကိုမျှ အနှောင့်အယှက်မဖြစ်စေပါ။ Nano Ceramic Coating သည် အပူချိန် 2000°C မှ အရည်ပျော်မည်ဖြစ်သောကြောင့် အချိန်ကြာမြင့်စွာ အင်ဂျင်အတွင်းပိုင်းတွင် တည်ရှိနေနိုင်ပြီး ကီလိုမီတာ ၃၀၀၀၀ ခန့် သုံးပြီးမှသာ လျော့ပါးလာ၍ ကီလိုမီတာ ၅၀၀၀၀ ခန့်ရောက်လျှင် ကုန်ဆုံးလုနီးပါးသို့ ရောက်ရှိသွားမည်ဖြစ်သည့်အတွက် အချိန်ကြာမြင့်စွာ အသုံးခံခြင်းကြောင့် စီးပွားရေးအရ တွက်ခြေကိုက်သည်။

Engine Heat ကို Stabilize လုပ်နိုင်အားကောင်းသည့်အတွက် Over Weight ကို ရုန်းနေရသည့် အင်ဂျင်များ၊ တောင်အတက်အဆင်းတွင် ရုန်းနေရသော အင်ဂျင်များနှင့် အချိန်ကြာမြင့်စွာ အသုံးပြုနေရသော အင်ဂျင်များတွင် Heat ကို တည်ငြိမ်အောင် ထိန်းပေးထားသည်။ အင်ဂျင်စွမ်းအား ထူးခြားစွာ မြင့်မားလာသည့်အတွက် ဓာတ်ဆီ၊ ဒီဇယ်အစားသက်သာမှုနှင့်အတူ မီးခိုးအထွက်နည်းလာသည်။ အင်ဂျင်အတွင်းပိုင်းတွင် ပွတ်တိုက်မှု (Frictionmetal to Metal Contact) ဖြစ်စေသော မျက်နှာပြင်အား Layer တစ်ခု Coating လုပ်ထားသည့်အတွက် တိုက်ရိုက်ပွန်းစားမှု (Wear and Tear) လျော့နည်းသွားခြင်းကြောင့် အင်ဂျင်အကျမြန်မည်ကို စိုးရိမ်စရာမလိုပါ။

အဆိုပါ Nano Energizer အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် Royal Lubricants Trading Co., Ltd. ဖုန်း-၀၁-၇၃၀၃၉၁၉၁၊ ၀၁-၆၈၁၆၀၆၊ ၀၉-၈၆၂၁၀၃၉နှင့် ၀၉-၅၁၅၂၄၂၉ မှ တင်သွင်းဖြန့်ဖြူးရောင်းချပြီး မကွေးတိုင်းဒေသကြီးအတွက် ကံ့ကော်မော်တော်ဆိုင်ကယ် ပစ္စည်းရောင်းဝယ်ရေး မင်းဘူးမြို့၌ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကိုရီးယားနိုင်ငံထုတ် Nano Energizer အမှတ်တံဆိပ် ထုတ်ကုန်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် စာမေးပွဲများ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၄

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကကြီးမှူး၍ Information Technology Professionals Examination Council (ITPEC) အသိအမှတ်ပြု စာမေးပွဲကို အောက်တိုဘာ ၃၁ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်၌ ကျင်းပမည်ဖြစ်ရာ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် မြန်မာအင်ဖိုတက်ခ် အဆောင်(၁) ဖုန်း-၆၅၂၃၀၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ ဝဋ္ဋသုတ်၊ မောရသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	"တရားဦးဓမ္မစကြာ"တရားတော် (အပိုင်း-၅) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၆:၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၄)**
၇:၃၀	MRTV-4 သတင်း
၈:၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၈)**
၈:၄၀	Parkway Health ၏ကင်ဆာရောဂါများအကြောင်းသိကောင်းစရာများ (နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများဆိုင်ရာ ဆွေးနွေးခြင်း)
၉:၀၅	Industrial Talk
၉:၃၅	အားကစားမြင်ကွင်းစုံ (အကယ်ဒမီလူမင်း၊ ဝဏ္ဏခွါနီး၊ မြတ်သူရ)
၁၀:၀၀	Activities In The City [အမေ့အိမ်၏ (၁၄)နှစ်မြောက် မှတ်တိုင်]
၁၀:၁၀	Musical Night For All ကို ကြိုတင်ခံစားကြည့်ခြင်း
၁၀:၃၀	ဓာတ်ပုံထဲမှအမှတ်တရများ (ကောင်းခန့်)
၁၁:၀၀	သင်ယူလေ့လာ ဂီတပညာ (SONG WRITING MODULE 01)
၁၁:၂၀	ရန်ကုန်မြင်ကွင်းကျယ် (Revlon ရဲ့ ROAD SHOW)
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀	ဂီတသမားတို့ရဲ့ရင်ခုန်သံများ (အာလူးစားသူများအကြောင်း)
၁၂:၄၀	စားချင်စဖွယ်နည်းအသွယ်သွယ် (Wonton noodle soup with vegetable and stussed squid with snow bean and orange sauce)
၁၂:၅၀	အဓိဋ္ဌာန်ပြည့်မြောက်. . . အလိုတော်ပေါက်
၁:၀၀	"တရားဦးဓမ္မစကြာ"တရားတော် (အပိုင်း-၅) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း (ပိုက်ဆံချေးတာကောင်းတယ်၊ ပိုက်ဆံမချေးတာကောင်းတယ်)
၃:၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၄)**
၄:၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၈)**
၄:၄၅	Parkway Health ၏ကင်ဆာရောဂါများအကြောင်းသိကောင်းစရာများ (နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများဆိုင်ရာ ဆွေးနွေးခြင်း)
၅:၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	သင်ကြားရေးလမ်းညွှန် (Gallant Training Centre)
၆:၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၁၅)**
၇:၁၅	Cartoon Show Time (ARTHUR)
၈:၀၀	MRTV-4 သတင်း
၈:၃၀	ဂီတသမားတို့ရဲ့ရင်ခုန်သံများ (အာလူးစားသူများအကြောင်း)
၈:၅၅	Celebrity Style (ဂန္ထဝင်)
၉:၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၉)**
၁၀:၁၀	Musical Night For All ကို ကြိုတင်ခံစားကြည့်ခြင်း
၁၀:၃၀	နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ (Naing Group)
၁၁:၀၀	Activities In The City [အမေ့အိမ်၏ (၁၄)နှစ်မြောက် မှတ်တိုင်]
၁၁:၁၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (သန်းသန်းနွယ်)
၁၁:၄၅	Industrial Talk
၁၂:၁၅	World of Knowledge (Operation Cruise Ship)
၁:၀၀	ဇင်ဇင်နှင့်ခြင်ကျား (ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့်) (ဒါရိုက်တာ-အကယ်ဒမီ စင်ရော်မောင်မောင်)
၁:၁၀	ရန်ကုန်မြင်ကွင်းကျယ် (Revlon ရဲ့ ROAD SHOW)
၁:၂၅	တံငါတံတား
၁:၃၀	စားချင်စဖွယ်နည်းအသွယ်သွယ် (Wonton noodle soup with vegetable and stussed squid with snow bean and orange sauce)
၁:၄၅	လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၂)
၂:၁၅	မြန်မာစာ၊ မြန်မာစကား
၂:၃၀	ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၂:၅၅	အသွင်ပြောင်းစေမည့် Fiber Tech
၃:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၀၀	Celebrity Profile (Justin Timberlake)
၄:၃၅	အဖိုးတန်ဆေးဖက်ဝင် မြန်မာ့တိုင်းရင်းဆေးဥယျာဉ်
၄:၅၀	ပူဇော်လှူဒါန်း ကြာသက်နှင်း
၅:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ ဝန်ကြီး ဦးအောင်မင်းနှင့် ဝန်ကြီး ဦးသိန်းဇော်တို့ မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော် ရထားလမ်းပိုင်းတွင် မြေကြီးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်း၏ မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော် ရထားလမ်းပိုင်း စတင်ဖောက်လုပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် ဖောက်လုပ်မည့် မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန်ရထားလမ်း၏ မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော် ရထားလမ်းပိုင်း စတင်ဖောက်လုပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ ဝိုင်းမော်ဘူတာ တည်ဆောက်မည့်မြေနေရာ ယာဒ်ဝင်း ယာယီမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့အား မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ စီမံကိန်း ဒါရိုက်တာ ဒုတိယအထွေထွေမန်နေဂျာ ဦးမောင်မောင်သွင်က နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် အမျိုးသားမီးရထားကွန်ရက် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းများ၊ မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော် မီးရထားလမ်းပိုင်း စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လမ်းပိုင်းတစ်လျှောက် ပေ ၁၀၀ နှင့် ပေ ၁၈၀ ကြား၊ ပေ ၁၈၀ နှင့် ပေ ၅၀၀ကြား၊ ပေ ၅၀၀အထက် တံတားကြီး/ငယ်များ တည်ဆောက်သွားမည့် အခြေအနေနှင့် လုပ်ငန်းများ စတင်ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် အမျိုးသားမီးရထားကွန်ရက် စီမံကိန်းလုပ်ငန်းများနှင့် မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော် မီးရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ယခုဖောက်လုပ်လျက်ရှိသည့် အမျိုးသားမီးရထားလမ်းကွန်ရက်ဖြစ်သော အမှတ်(၁)လမ်းမကြီးမှာ မြစ်ကြီးနား-မန္တလေး-ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်-မြိတ် ၁၀၉၃ မိုင်၊ အမှတ်(၂)လမ်းမကြီးမှာ မန္တလေး - ပုဂံ - တောင်တွင်းကြီး-ပြည်-ရန်ကုန် ၄၇၈ မိုင်၊အမှတ်(၃)လမ်းမကြီးမှာ ကလေး - ပခုက္ကူ - ကြံခင်း - ဟသ်ာတ-ညောင်တုန်း-လှိုင်သာယာ ၆၉၄ မိုင်၊ အမှတ်(၄)လမ်းမကြီးမှာ မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ၄၇၄ ဒသမ ၅၀ မိုင်တို့ဖြစ်ကြောင်း၊ မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော်ရထားလမ်းပိုင်းကို အမြန်ဆုံး ဖောက်လုပ်ပြီးစီးရန်နှင့် အမြန်ဖွင့်လှစ်နိုင်ရန်အတွက် လုပ်ငန်းများအား မြန်မာ့မီးရထားမှ ဝန်ထမ်းများက ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်က ယခု လုပ်ငန်းစတင်ဆောင်ရွက်သည့် မြစ်ကြီးနား-ဗန်းမော် ရထားလမ်း ဖောက်လုပ်ခြင်းသည် မြစ်ကြီးနား-ဗန်းမော်ဒေသ ဖွံ့ဖြိုးရေး၏ အခြေခံကူးသန်းဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် ခရီးသည်နှင့် ကုန်စည်အများအပြားကို စရိတ်အနည်းဆုံးနှင့် အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးနိုင်ရန်အတွက် စတင်သည့် အခမ်းအနားဖြစ်ကြောင်း၊ မြစ်ကြီးနား-ဗန်းမော်ရထားလမ်းသည် မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန်ရထားလမ်းမကြီး၏ အရေးပါသော အစိတ်အပိုင်း ဖြစ်ကြောင်း၊ မြစ်ကြီးနား - ဗန်းမော် ရထားလမ်း ဖောက်လုပ်ပြီးပါက ရထားလမ်းဖြတ်သန်းရာ မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့၊ မိုးမောက်မြို့နယ်နှင့် ဗန်းမော်မြို့နယ်တို့၏ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး နယ်မြေဒေသအသီးသီးတွင်ရှိသည့် သယံဇာတအရင်းအမြစ်များနှင့် ဒေသထွက်ကုန် အစုံစုံကို ဈေးကွက်ရှိရာသို့ လျင်မြန်သွက်လက်စွာ ပို့ဆောင်ပေးနိုင်မှာဖြစ်ကြောင်း၊ ကချင်ပြည်နယ်သည် ယခင်က တည်ငြိမ်အေးချမ်းမှု မရှိခဲ့၍ တိုးတက်ဖွံ့ဖြိုးမှု နောက်ကျခဲ့ရကြောင်း၊ယခုအခါ တည်ငြိမ်အေးချမ်းမှု ရရှိနေပြီဖြစ်၍ အခြားဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အခြေခံကျသည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အခြေခံကောင်းများကို တည်ဆောက်ပေးခဲ့သဖြင့် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့ကို လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း၊ ယခု မြစ်ကြီးနား-ဗန်းမော် ရထားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းစတင်သည့်အတွက် လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများနှင့် အလှမ်းကွာဝေးသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်မှု နောက်မကျစေရန်နှင့် ဒေသဖွံ့ဖြိုးရေးအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေခြင်းဖြစ်ကြောင်း၊ဒေသတစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုသည် တည်ငြိမ်အေးချမ်းမှုနှင့် ဆက်စပ်လျက်ရှိရာ နယ်မြေဒေသအတွင်း လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် တာဝန်ရှိသူအသီးသီးတို့က လုပ်ငန်းများ အရည်အသွေးမီ၊ အချိန်မီ၊ တည်ဆောက်ပြီးစီးရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်က နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ ဝန်ကြီး ဦးအောင်မင်း၊ ဝန်ကြီး ဦးသိန်းဇော်နှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့သည် မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော်ရထားလမ်းပိုင်းအားစက်ယန္တရားကြီးများဖြင့် မြေကြီးလုပ်ငန်းများ စတင်ဆောင်ရွက်နေမှုနှင့် ဝိုင်းမော်ဘူတာ တည်ဆောက်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယခု စတင်ဖောက်လုပ်လျက်ရှိသည့် မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန်ရထားလမ်း၏ မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော် ရထားလမ်းပိုင်းသည် အရှည် ၁၀၈မိုင်ရှိမည်ဖြစ်ပြီး လမ်းတစ်လျှောက်တွင် ဘူတာ ၂၁ ဘူတာ၊ ပေ၁၀၀နှင့်ပေ၁၈၀အကြား တံတားလေးစင်း၊ ပေ ၁၈၀နှင့် ပေ၅၀၀ အကြား တံတားလေးစင်း၊ ပေ ၅၀၀ အထက်တံတားတစ်စင်းနှင့် တံတားငယ်များစွာ ထည့်သွင်းတည်ဆောက်သွားရမည်ဖြစ်သည်။

မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော် ရထားလမ်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်းပိုင်းကိုလည်းယခုအခါလုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါလမ်းပိုင်းပြီးစီးပါက မြစ်ကြီးနား-ဗန်းမော်မှတစ်ဆင့် လက်ရှိဖောက်လုပ်လျက်ရှိသည့်ကသာသို့လည်းကောင်း၊ ကသာမှ မန္တလေးသို့ လည်းကောင်း၊ ဗန်းမော်-မိုးမိတ်-ကျောက်မဲ - သီပေါမှတစ်ဆင့် မန္တလေးသို့ လည်းကောင်း၊ သီပေါမှ လားရှိုးသို့ လည်းကောင်း၊ သီပေါ-လဲချား-နမ့်စန်မှ ကျိုင်းတုံသို့လည်းကောင်း တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်ဖြစ်၍ လမ်းတစ်လျှောက်ရှိ မြို့နယ်နှင့် ကျေးရွာများမှ ဒေသခံပြည်သူများ၏ လူနေမှုဘဝနှင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာတော့မည်ဖြစ်သည်။

ဆွေးနွေးမှာကြား

တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ ဝန်ကြီး ဦးအောင်မင်း၊ဝန်ကြီး ဦးသိန်းဇော်နှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့သည် ယမန်နေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ် နန်းကွေ့ဘူတာယာဒ်ဝင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးဖေသန်းက မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော်ရထားလမ်း စတင်ခွဲထွက်မည့် နန်းကွေ့ဘူတာ၌ လမ်းအူကြောင်း ရှာဖွေထားရှိမှုနှင့် ဧရာဝတီမြစ်ကူးတံတား တည်ဆောက်မည့်နေရာ ရှာဖွေထားရှိမှုကို ရှင်းလင်းတင်ပြရာ ဝန်ကြီးများက ဖြည့်စွက် ဆွေးနွေးမှာကြားပြီး နန်းကွေ့ဘူတာယာဒ်ဝင်းနှင့် မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော် ရထားလမ်းစတင်ခွဲထွက်နိုင်ရန် လမ်းအူကြောင်းရှာဖွေထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့သည် မြစ်ကြီးနားမြို့ ရွှေဆက်ရပ်ကွက်အနီး၌ မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော်မီးရထားလမ်းအတွက် ဧရာဝတီမြစ်ကူးတံတားတည်ဆောက်မှု မြေနေရာရှာဖွေထားရှိမှုအား သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)
[၁၃၇၂ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်(အဖိတ်နေ့)]

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၄၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ မျိုးမျိုးကွဲကွဲယဉ်ကျေးမှုအက
- ၈:၁၀ ၇။ သီချင်းကြီးပဒေသာ
- ၈:၁၅ ၈။ "တောင်ပေါ်မြေပြန့်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ (ပင်လောင်းလမ်း)"
- ၈:၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၃၀ ၁၀။ "ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ"
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၃၀ ၁။ Myanmar National League MNL (2010)ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (ရန်ကုန်ယူနိုက်တက် F.Cနှင့် ဥဿာယူနိုက်တက်F.C)
- ၄:၅၀ ၂။ တေးဂီတအစီအစဉ်
- ၅:၀၀ ၃။ International Science News
- ၅:၁၀ ၄။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆:၀၀ ၅။ ညနေခင်းသတင်း
- ၆:၁၅ ၆။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆:၃၅ ၈။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇:၀၀ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၇:၃၅ ၁၀။ အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ ဖျော်ဖြေခန်း
- ၈:၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ ဘဝကိုယ်စီအလှကိုယ်စီ [ဝင်းဝင်းအောင်(မြို့မ)၊ သရုပ်ဆောင်-ပပဝင်းခင်၊ တေးရေး-ကိုရွှန်းမြိုင်(မြို့မ)]
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၇၇)**
- ၁၆။ ၂၀၀၉ ခုနှစ်(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "သားကောင်းရတနာပြဇာတ်" (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး)
- ၁၇။ အစီအစဉ်ပြီး၏။

ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ အဖွဲ့ပိုင်ဈေးများ မီးလောင်ဆုံးရှုံးမှုမရှိစေရေးအတွက် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးရာ ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်း မီးငြိမ်းသတ်ရန် မီးသတ်ရေလှောင်ကန် ဂါလန် ၂၅၀၀ ဆံ့ ရေကန်ဆောင်ရွက်ထားမှုကို အမှုဆောင်အရာရှိ ဦးသောင်းညွှန့် ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နှစ်ရှည်ပင်များ သန့်ရှင်းသပ်ရပ်မှုရှိစေရန် အဖွဲ့ဝန်ထမ်းများ ပြုပြင်ဆောင်ရွက်နေမှုကို ဒု-ဦးစီးမှူး ဦးအေးသိန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်သန့်ဇင်တို့ ကြီးကြပ်စဉ်။
(မြို့နယ်စည်ပင်)

နိုင်ငံရေးပါတီ ဆက်လက်ရပ်တည်ခွင့်ပြုခြင်းနှင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်းခြင်း

❍ ကျောဖုံးမှ

၉-၄-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၁၈/၂၀၁၀) ဖြင့် အသိပေးကြေညာခဲ့သည်-

(က) ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊
(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
(ဂ) ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊
(ဃ) ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊
(င) မြို (ခ) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ (မ. ခ. မ. ည. ဖ)၊
(စ) ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊
(ဆ) ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊
(ဇ) လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(ဈ) "ဝ" အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(ည) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၂။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ တွင် အကျုံးဝင်သော အပိုဒ်(၁)ပါ ပါတီ (၁၀)ပါတီအနက် အောက်ပါ နိုင်ငံရေးပါတီ (၅)ပါတီသည် သတ်မှတ်ထားသည့် ရက်ပေါင်း (၆၀)အတွင်း နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားခဲ့သည်-

(က) မြို (ခ) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ (မ. ခ. မ. ည. ဖ)၊
(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
(ဂ) လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(ဃ) ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊
(င) ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်။

၃။ အထက်အပိုဒ်(၁)ပါ ပါတီများအနက် အောက်ပါနိုင်ငံရေးပါတီ(၅)ပါတီသည် သတ်မှတ်ရက်အတွင်း နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုကြောင်း လျှောက်ထားခြင်းမရှိ၍ ဥပဒေအရ အလိုအလျောက်ပျက်ပြယ်ပြီး နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိသော အဖွဲ့အစည်းများဖြစ်သဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီများကိုလည်း ဖျက်သိမ်းလိုက်သည်-

(က) ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊
(ခ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊
(ဂ) ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊
(ဃ) "ဝ" အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(င) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

၄။ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီ(၄၂)ပါတီတွင် အပိုဒ်(၂)ပါ ပါတီ (၅)ပါတီနှင့် အသစ်လျှောက်ထားသည့် ပါတီ(၃၇)ပါတီ ရှိခဲ့သည်။

၅။ ယင်းသို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပေးခဲ့ပြီးသော နိုင်ငံရေးပါတီ(၄၂)ပါတီအနက် အောက်ဖော်ပြပါ နိုင်ငံရေးပါတီ(၃၇)ပါတီသည် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ အနက် အနည်းဆုံးမဲဆန္ဒနယ် သုံးနယ်တွင် ယင်းတို့ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်၍ နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့် ရှိမည်ဖြစ်သည်-

(က) မြို (ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့(မ. ခ. မ. ည. ဖ)၊
(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
(ဂ) လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(ဃ) ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊
(င) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၊
(စ) ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊
(ဆ) ကယန်းအမျိုးသားပါတီ၊
(ဇ) မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၊
(ဈ) ကရင်ပြည်သူ့ပါတီ၊
(ည) "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၊
(ဋ) တအာင်း(ပလောင်)အမျိုးသားပါတီ၊
(ဌ) မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊
(ဍ) ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ၊
(ဎ) ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊
(ဏ) ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP)၊
(တ) ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ၊
(ထ) ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်၊
(ဒ) အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်၊
(ဓ) ချင်းအမျိုးသားပါတီ၊
(န) ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)၊
(ပ) ခေတ်သစ်ပြည်သူ့ပါတီ၊
(ဖ) ပြည်ထောင်စုဒီမိုကရေစီပါတီ၊
(ဗ) မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၊
(ဘ) ချင်းတိုးတက်ရေးပါတီ၊
(မ) အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(ယ) ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၊
(ရ) "ဝ"ဒီမိုကရက်တစ်ပါတီ၊
(လ) ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၊
(ဝ) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ၊
(သ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊
(ဟ) တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ၊
(ဠ) ကမန်အမျိုးသားတိုးတက်ရေးပါတီ၊
(အ) ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(ကက) အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊
(ခခ) စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)၊
(ဂဂ) ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊
(ဃဃ) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ။

၆။ အောက်ဖော်ပြပါ မှတ်ပုံတင်ခွင့်ပေးခဲ့ပြီးဖြစ်သည့် နိုင်ငံရေးပါတီ (၅)ပါတီသည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်မဲဆန္ဒနယ်များအနက် အနည်းဆုံးမဲဆန္ဒနယ်သုံးနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုနိုင်သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ (ခ)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီများကိုလည်း ဖျက်သိမ်းလိုက်သည်-

(က) ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ မှတ်ပုံတင်အမှတ်စဉ် (၁၁)
(ခ) မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ မှတ်ပုံတင်အမှတ်စဉ် (၂၀)
(ဂ) မြန်မာဒီမိုကရေစီကွန်ဂရက်ပါတီ၊ မှတ်ပုံတင်အမှတ်စဉ် (၃၄)
Myanmar Democracy Congress
(ဃ) မြို့တိုင်းရင်းသားပါတီ၊ မှတ်ပုံတင်အမှတ်စဉ် (၃၅)
(င) ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ (ပြည်)၊ မှတ်ပုံတင်အမှတ်စဉ် (၃၉)

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီမျ
အစီအစဉ်မျာ

✱ ကျောဖုံးမှ

လုပ်ငန်းစဉ် စသည်တို့ကို ရေဒီ
များကို ၃၁-၁၀-၂၀၁၀ ရက်နေ့
ရုပ်မြင်သံကြားအစီအစဉ်များမှ
အတွင်းရေးမှူးသည် သတ်မှတ်
ပြည်ထောင်စုရွေးကောက်ပွဲကော်
လျှောက်ထားရမည်။ ခွင့်ပြုမိန့်
မျက်နှာထက်မပိုစေရ။

၃။ ရေဒီယိုနှင့် ရုပ်မြင်သံကြ
နိုင်ငံရေးပါတီများအား အဆင်
ပါတီ တစ်ခုချင်းအလိုက် ဟောပြေ
ရွေးကောက်ပွဲကော်မရှင်က သက်

၄။ ပြည်ထောင်စုရွေးကောက
သလို စိစစ်ပြီး ပြန်ကြားရေးဝန်ကြ

(က) ခွင့်ပြုမိန့်ထုတ်
(ခ) ခွင့်ပြုမိန့်ထုတ်
သော နေ့ရက်၊
အခြားနှင့် ဟော
ရမည်။
(ဂ) ခွင့်ပြုမိန့်လျှောက
လျှောက်ထားသူ

၅။ ရေဒီယိုနှင့် ရုပ်မြင်သံ
တစ်ခုအား-

(က) ရေဒီယိုအစီအစ
ခွင့်ပြုမည်။
(ခ) ရုပ်မြင်သံကြားအ
အထိ ခွင့်ပြုမည
(ဂ) ပါတီ၏သီချင်းမ
အတွင်း ထုတ်လွ

စက်တင်ဘာ ၁၃ ရက်က တရု
ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြ
အစည်းအဝေးကို နေပြည်တော်ရှိ ဆောက

အလယ်ပိုင်းဒေသများ ထစ်ချုန်းမည့် အခြေအနေ ဆက်လက်ဖြစ်ပေါ်

နေပြည်တော် စက်တင်ဘာ ၁၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** စစ်တွေမြို့တွင် ၃ ဒသမ ၂၆ လက်မ၊ ကလေးဝမြို့တွင် ၂ ဒသမ ၀၄ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ မင်းတပ်မြို့တွင် ၁ ဒသမ ၉၃ လက်မ၊ မင်းဘူးမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ မော်လိုက်မြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ကျောက်ဖြူမြို့တွင် ၁ ဒသမ ၆၁ လက်မနှင့် တောင်တွင်းကြီးမြို့တွင် ၁ ဒသမ ၅၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၁၅ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သတိပေးနိုးဆေ

နေပြည်တော်တွင် မော်တော်
ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုး
ထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို
စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်
တည်ဆဲဥပဒေအရ ထိရောက်စွာ အ
ကြောင်း သတိပေးနှိုးဆော်အပ်ပါသ
နေပြည်တော်ယာဉ်စည်းကမ်းထိန်း

နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခွင့်

✳ ကျောဖုံးမှ

လုပ်ငန်းစဉ် စသည်တို့ကို ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခွင့်များကို ၃၁-၁၀-၂၀၁၀ ရက်နေ့အထိ ခွင့်ပြုပေးရန်ရှိသည်။ နိုင်ငံရေးပါတီများက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြလိုလျှင် သက်ဆိုင်ရာ ပါတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးသည် သတ်မှတ်ခွင့်ပြုပေးသည့်ရက်မတိုင်မီ အနည်းဆုံး (၇)ရက် ကြိုတင်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဟောပြောတင်ပြလိုသည့် စာမူနှင့်အတူ ခွင့်ပြုမိန့် လျှောက်ထားရမည်။ ခွင့်ပြုမိန့် လျှောက်ထားသည့် စာမူသည် A4 အရွယ်အစား စက္ကူ(၇) မျက်နှာထက်မပိုစေရ။

၃။ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောခွင့်ပြုရန်လျှောက်ထားကြသည့် နိုင်ငံရေးပါတီများအား အဆင်ပြေစွာအလှည့်ကျဟောပြောတင်ပြနိုင်စေရန်အတွက် နိုင်ငံရေးပါတီ တစ်ခုချင်းအလိုက် ဟောပြောတင်ပြခွင့်ရရှိသည့်နေ့ရက်နှင့် အချိန်ဇယားကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းသတ်မှတ်ပေးမည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဟောပြောတင်ပြလိုသည့် စာမူကို လိုအပ်သလို စိစစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍-

(က) ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ခွင့်ပြုမိန့်ထုတ်ပေးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်သော နေ့ရက်၊ အချိန်ဇယားနှင့်အညီ ခွင့်ပြုသည့် နေ့ရက်၊ အချိန်အပိုင်းအခြားနှင့် ဟောပြောရန်ခွင့်ပြုသည့် ပုဂ္ဂိုလ်၏အမည်ကို ခွင့်ပြုမိန့်တွင် ဖော်ပြရမည်။

(ဂ) ခွင့်ပြုမိန့်လျှောက်ထားခြင်းကို ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြလျက် လျှောက်ထားသူထံ အကြောင်းကြားရမည်။

၅။ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောရာတွင် နိုင်ငံရေးပါတီ တစ်ခုအား-

(က) ရေဒီယိုအစီအစဉ်မှ ဟောပြောတင်ပြလျှင် ဟောပြောချိန် ၁၅ မိနစ်အထိ ခွင့်ပြုမည်။

(ခ) ရုပ်မြင်သံကြားအစီအစဉ်မှ ဟောပြောတင်ပြလျှင် ဟောပြောချိန် ၁၅ မိနစ် အထိ ခွင့်ပြုမည်။

(ဂ) ပါတီ၏သီချင်းများကိုလည်း ဟောပြောရန်ခွင့်ပြုသည့် သတ်မှတ်ချိန် ၁၅ မိနစ် အတွင်း ထုတ်လွှင့်ခွင့်ပြုမည်။

၆။ နိုင်ငံရေးပါတီများသည် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြရာတွင် အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ဟောပြောပြုလုပ်ခြင်း၊

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ဟောပြောပြုလုပ်ခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှု မရှိခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန် ဟောပြောပြုလုပ်ခြင်း၊

(င) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောပြုလုပ်ခြင်း၊

(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့်ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုပြုလုပ်ခြင်း၊

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊

(ဇ) ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော် ဟောပြောခြင်း၊

(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏တာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း။

၇။ နိုင်ငံရေးပါတီများသည် ဤကြေညာချက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက် သို့မဟုတ် စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည့်အပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရလည်း အရေးယူခြင်းခံရမည်ဖြစ်သည်။

၈။ သို့ဖြစ်၍ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများသည် စည်းရုံးမဲဆွယ်ရန်ကိစ္စအလို့ငှာ မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြမှုများ ပြုလုပ်ကြရာတွင် ဤကြေညာချက်နှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်သည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်-နေ့လယ်-ည)

၁၅-၉-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော်(တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ မေတ္တာသုတ်နှင့်ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၅၇) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂း၀၀	စံတော်ချိန် တေးသီချင်း
၁၂း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (ကော်ဖီနှစ်ခွက်)
၁၂း၄၅	တေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၅း၀၀	ခံတွင်းမြိန်စရာသူ့လက်ရာ (ပုံလုံသီးဝက်သားအစာသွတ်နှင့် ပဲစင်းငုံဟင်းချို)
၅း၁၀	Current Song
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	တေးပဒေသာ
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ(၂၄)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၆၇)
၆း၂၀	ကျေးလက်ဇာတ်လမ်း (ရေချိုးမိုးချိုး)
၆း၃၀	တူယှဉ်သီကြွေးစုံတွဲတေး
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၇း၁၅	အနုအလှအစုံစုံသူ့ဘဝအဖုံဖုံ (အကယ်ဒမီခင်စိုးပိုင်)
၇း၃၀	တေးပဒေသာ
၇း၄၀	ဝတ္ထုတိုခံစားမှု (ခုတော့သိပါပြီ)
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	သူ့ခေတ်သူ့အခါတေးကမ္ဘာ စီးပွားရေးဦးတည်ချက်
၈း၅၀	သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ကြပ်ထုပ်အကြောင်း သိကောင်းစရာ) လူမှုရေးဦးတည်ချက်
၉း၀၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၉း၅၉	အဖိတ်နေ့နှိုးဆော်ချက်
၁၀း၀၀	အစီအစဉ်ပြီး၏။

စက်တင်ဘာ ၁၃ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Feng Zhenglin ဦးဆောင်သောအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ဦးဆောင်သောအဖွဲ့တို့ ရွှေလီ-ကျောက်ဖြူစကြ်လမ်းမကြီးစီမံကိန်း ပူးတွဲလုပ်ငန်းအဖွဲ့ ပထမအကြိမ် အစည်းအဝေးကို နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပစဉ်။ (သတင်း-ဖော်ပြပြီး)

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီး ဦးလွန်းသီအား အိန္ဒိယနိုင်ငံမှ အဆင့်မြင့်စီးပွားရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီအား အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့ Indian Chamber of Commerce မှ အဆင့်မြင့်စီးပွားရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံရာသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေနှင့် တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့ Indian Chamber of Commerce မှ အဆင့်မြင့် စီးပွားရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ဖြစ်ကြသော Member of Parliament, Mr. M.S. Aiyar၊ Honorable Minister of Trade and Commerce, Government of Mizoram, Mr. L.R. Sailo၊ Deputy Chairman, Manipur State Planning Board, Mr. Bijoy Koijam၊ Commissioner of Industries, Nagaland, Mr. Mero ips၊ Joint Secretary, Ministry of Development of North Eastern Region, Government of India, Mrs.J. Mukherjee တို့ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဖြစ်သော အိန္ဒိယကုမ္ပဏီများအား လုပ်ကိုင်ခွင့်ပေးထားသည့် မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်များနှင့် ရခိုင်ကုန်းပိုင်းဒေသလုပ်ကွက်မှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ ပြည်နယ်များသို့ သယ်ယူပို့ဆောင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

တနင်္သာရီမြို့နယ်၌ ငါးမျိုးစိုက်ထည့်

တနင်္သာရီ စက်တင်ဘာ ၁၄

ငါးသယံဇာတတိုးပွားရေးနှင့် ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ဩဂုတ် ၁၆ ရက်က တနင်္သာရီမြို့နယ် တမုတ်ချိုးကျေးရွာအုပ်စု ရေဖြူရွာရှိ အင်းတော် အင်းမကြီး အင်းအတွင်း ငါးမြစ်ချင်းသားပေါက်ကောင်ရေ ငါးသိန်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ရီနှင့် ဝန်ထမ်းများ၊ တနင်္သာရီမြို့နယ် ဥက္ကဋ္ဌ ဦးဘိုဘိုမင်းသိုက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းလွင်နှင့် ဝန်ထမ်းများ၊ ရေဖြူရွာနှင့် ရှမ်းအင်းတော်ရွာတို့မှ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ကြပြီး ငါးမျိုးများ စိုက်ထည့်ပေးကြသည်။ **(ယာပုံ)**

(မြို့နယ်ပြန်/ဆက်)

တိုင်းမှူးတံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် စက်တင်ဘာ ၁၀ ရက်တွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ကျင်းပသည့် တိုင်းမှူးတံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က လှူဒါန်းသောလှူဒါန်းငွေနှင့် အားကစားပစ္စည်းများကို လက်ခံပြီး ဆုရအားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မုံရွာမြို့ နယ်မြေခံတပ်ရင်း၌ ဝါစိုက်ခင်း၊ ပဲစင်းငုံစိုက်ခင်းနှင့် ဆီးခြံတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တိုင်းမှူးတံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

Acer Show Room and Service Centre ဖွင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

ရွှေလမင်း နဂါးကုမ္ပဏီလီမိတက်က Acer သုံးစွဲသူများ ပိုမိုအဆင်ပြေစေရန် အတွက် Acer Show Room and Service Centre ဖွင့်ပွဲကို စက်တင်ဘာ ၉ ရက်တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈)လမ်း (၃၂ × ၃၃)ကြား အမှတ်- A3 ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးတေဇာဝင်း၊ Acer Computer Company Limited မှ General Manager, Mr. Alan Chiang နှင့် ရွှေလမင်း နဂါးကုမ္ပဏီလီမိတက် Managing Director ဦးစိုးဝင်းအောင်တို့က Acer Show Room and Service Centreကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည့် 2010 Exhibition တွင် Acer Product များကို အထူးလျှော့ဈေးများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် သတ္တမအကြိမ်မြောက် Japan Cup ဂျူဒိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၄

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံရှိ ဂျပန်သံရုံးတို့ ပူးပေါင်း၍ နှစ်စဉ်ကျင်းပသည့် Japan Cup ဂျူဒိုပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက်နှင့် ၂၂ရက်တို့တွင် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂျူဒိုအသင်းများသည် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အမျိုးသားရေကူးကန်ဝင်း ဦးဝိစာရလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၀၇၇၂ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန သင်တန်းသား သင်တန်းသူများ အာစရိယပူဇော်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)က ကြီးမှူးဖွင့်လှစ်သော Postgraduate Diploma in English Course No.12 (Advanced Level-1) Weekends Section သင်တန်းသား၊ သင်တန်းသူများ၏ အာစရိယပူဇော်ပွဲကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါ တက္ကသိုလ် သီရိရတနာခန်းမ၌ ကျင်းပရာ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဇော်လင်း၊ အင်္ဂလိပ်စာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာမောင်မောင်ဦးနှင့် ဆရာ၊ ဆရာမများ၊ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သင်တန်းသား၊ သင်တန်းသူများက ဆရာ၊ ဆရာမများအား ကန်တော့ချီးဖြင့် ရှိခိုးကြပြီး ဂါရဝလက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ထို့နောက် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်သန်းက အာစရိယပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ခံပါမောက္ခချုပ်နှင့် အင်္ဂလိပ်စာဌာန ပါမောက္ခ/ဌာနမှူးတို့က သြဝါဒစကားနှင့် ဆုပေးစကား ပြောကြားကြသည်။

ယင်းနောက် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ အငြိမ်းစား အထက်တန်း ကျောင်းအုပ်ဆရာကြီး ဦးမြို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကောင်းဆန်းလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၈ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးအောင်ဌေးကြွယ် ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ရွှေဘို အထက (၂)၌ စာအုပ်လှူဒါန်းပွဲ ကျင်းပ

ရွှေဘို စက်တင်ဘာ ၁၄

စာကြည့်တိုက်အတွက် သုတ၊ရသ စာအုပ်များ လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက်က ရွှေဘို အထက (၂) ရွှေရတုခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှဦးက အမှာစကားပြောကြားပြီး အလှူရှင် ဦးအောင်မြင့်ဦးက စာအုပ်များ လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌက ရွှေဘိုမြို့နယ် အတွင်းရှိ ကျောင်းများအတွက် ပညာရေး အထောက်အကူပြု ဂုဏ်ထူးလက်ဆောင် ဘာသာစုံစာအုပ်များ ပေးအပ်ရာ အထက(၂) ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းက လည်းကောင်း၊ ရန်ကုန်မြို့ အလှူရှင် ဦးအောင်မြင့်ဦး - ဒေါ်ယဉ်နုမိသားစု (သိန်းသန်းဦးပုံနှိပ်တိုက်)၊ ဦးမဲ-ဒေါ်ဝင်းစိန် ဝက်လက်မြို့နယ် ထန်းကြီးကျေးရွာ(တောင်)၊ ဦးညွန့်ဦး-ဒေါ်ခင်ဝင်း စန္ဒာညွန့်စာပေ ရန်ကုန်မှ စာအုပ်ရေ ၁၆၂၈၄အုပ် တန်ဖိုးငွေကျပ် ၅၃၆၅၈၀၀ တန်ဖိုးရှိ စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လည်းကောင်း၊ ဝက်လက်မြို့နယ် ထန်းကြီးကျေးရွာ ရောင်ခြည်ဦး စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ် ၈၀၀နှင့် ဗီရိုတစ်လုံး ပေးအပ်လှူဒါန်းရာ ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်က လည်းကောင်း လက်ခံရယူကြသည်။ (ကြေးမုံ)



ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ မြို့ပတ်လမ်းတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးရဲဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခိုင်လွင်လွင်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ ဖျာပုံမြို့နယ်၌ ကျင်းပ

ဖျာပုံ စက်တင်ဘာ ၁၄

ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနတို့၏ ညွှန်ကြားချက်နှင့်အညီ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ စက်တင်ဘာ ၅ ရက် နံနက်တွင် ဖျာပုံမြို့နယ် ကျုံတာကျေးရွာ ဧကတစ်ထောင်စံပြစိုက်ကွင်းရှိ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်၊ ဖျာပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထင်၊ ခရိုင်ရဲမှူးနှင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးမြင့်စိုးနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တောင်သူလယ်သမားများ တက်ရောက်ကြပြီး စပါးခင်းများအတွင်းသို့ ငါးခုံးမကောင်ရေ ၁၇၅၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(၁၆၈)

စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

လှိုင်လင် စက်တင်ဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် လှိုင်လင်ခရိုင်အတွင်းရှိ စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၁ ရက်က ပန်မုန့်ကျေးရွာအုပ်စု လယ်သမားကြီး ဦးဆန်ကောင်း၏ စပါးခင်း၌ ကျင်းပရာ အခမ်းအနားသို့ လှိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်စိုး၊ လှိုင်လင်ခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးလွှမ်းမိုးဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြပြီး ငါးမျိုးများစိုက်ထည့်ပေးကြသည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ဩဂုတ်လအထိ လှိုင်လင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်အတွင်း ဆည်၊ သဘာဝကန်နှင့် မိုးစပါးဧက ၄၀ အတွင်း ငါးမျိုးစုံကောင်ရေ ၂၆၀၀၀၀ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ (ငါးလုပ်ငန်း)

သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၄

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာထွန်းထွန်းနှင့် ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ရပ်ကွက်ဥက္ကဋ္ဌ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် မြို့ပေါ်ငါးရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ ရက်က ဘုရင့်နောင်ရပ်ကွက်အတွင်းရှိ နေအိမ်များသို့သွားရောက်ကာ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း၊ အုတ်ကန်၊ မီးသတ်ကန်များ၊ ရေတွင်းများဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ (၁၉၂)

ရန်ကုန်တက္ကသိုလ်(ပင်မ) ရူပဗေဒ အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၁၄

၁၉၉၁-၁၉၉၄ ခုနှစ်အတွင်း ရန်ကုန်တက္ကသိုလ်(ပင်မ) ရူပဗေဒအတန်းအသီးသီးတွင် တက်ရောက်ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲကို နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်ရာ ဦးဆန်းလင်း ဖုန်း-၀၉-၅၀၁၁၀၉၇၊ ဦးရဲမိုး ဖုန်း-၀၉-၅၁၇၀၇၃၅၊ ဒေါ်အိအိ ဖုန်း-၀၉-၅၀၅၄၈၀၀၊ ဦးသက်ဇော်ဦး ဖုန်း-၀၉-၅၁၂၀၀၁၀၊ ဒေါ်ကြည်ကြည်လွင် ဖုန်း-၀၉-၅၁၇၂၇၉၉၊ ဒေါ်အေးအေးသန်း ဖုန်း-၇၃၀-၉၇၀၆၅၊ ဒေါ်ရီရီချို ဖုန်း-၀၉-၅၁၂၁၁၉၁၊ ဒေါ်သိန်းသိန်းအေး ဖုန်း-၀၉-၅၁၀၃၁၃၀၊ ဦးသူရဝင်း ဖုန်း-၀၉-၆၄၅၁၅၀၂၊ ဦးမြသန်းထွန်း ဖုန်း- ၀၉-၅၁၅၆၇၉၁ နှင့် ဦးမော်သိန်း ဖုန်း-၅၈၁၈၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

တိုက်နှင့်ခြံရောင်းမည်

[illegible] RC 3 ထပ် Hall Type [illegible]

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ပိုင်စိုးသူ၏ နိုင်ငံကူးလက်မှတ် A-074962 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၅၂၈၂၈၁

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မြင့်လွင်၏ နိုင်ငံကူးလက်မှတ် A-000384 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၈၅၉၇၇

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁) လမ်း (ကန်ပတ်လမ်းမှ ကိုက် ၁၀၀)၊ ၀ ဒသမ ၂ ဧက၊ RC 2½ (တိုက်သစ်)။

Ph:09-5506548, 09-8031422, 09-5043367

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
ဦးစိုးအောင်-ဒေါ်ခင်မာရည် တို့၏ သားကြီး
မောင်ချမ်းမြေ့အောင် (A/B)
UNITEAM MARINE LTD
နှင့်
ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ
ဦးထွန်းလှသိန်း-ဒေါ်သန်းသန်းဆွေ တို့၏ သမီးလတ်
မဝင့်သဥ္ဇာမော် B.A(B.M)
တို့သည် ၁၁-၉-၂၀၁၀ (စနေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် မောင်ချမ်းမြေ့အောင်-မဝင့်သဥ္ဇာမော်

ဖခင်အမည်မှန်

အဖျောက်မြို့ အထက အမှတ်(၁) ဒသမတန်း(B)မှမောင်သော်ဇင်ထက်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဌေး(ခ) ဦးဖိုးဌေး ဖြစ်ပါသည်။
ဦးသိန်းဌေး(ခ)ဦးဖိုးဌေး

အမည်ပြောင်း

အမှတ်(၃၄၆)၊ နဝရတ်အောက် (၃)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်နေ ဦးဘွန်ခင်း [၁၂/သကတ(နိုင်)၁၄၉၁၆၁]၏သား မောင်ရဲလင်းထိုက်အား မောင်ဝေလင်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကားရောင်းမည်

တိုယိုတာ ဖင်ကောက် ၂၀၀၂ မော်ဒယ်။
ဖုန်း-၀၁၇၃၀၆၂၁၂၀

ရောင်းမည်

ကြို့ကုန်းလမ်းဆုံ၊ ရန်ကုန်-အင်းစိန် လမ်းမကြီးဘေး။
မျက်နှာစာ-90' (. ၂၄၅ဧက)
ဖုန်း-၆၄၁၈၄၄



အာဆင်နယ်နှင့် ရီးယဲလ်မက်ဒရစ်တို့ ခြေစွမ်းပြဂိုးမြူးဖွယ်ရှိသည့် ချန်ပီယံလိဂ်အုပ်စုအဆင့် ဒုတိယနေ့ပွဲစဉ်များ

၂၀၁၀-၂၀၁၁ ဥရောပချန်ပီယံလိဂ် ဒုတိယနေ့ပွဲစဉ်အဖြစ် ဘိုင်ယန်နဲ့ ရိုးမားတို့ ထိပ်တိုက်တွေ့ဆုံကြမှာဖြစ်သလို နာမည်ကြီး ရီးယဲလ်မက်ဒရစ်က နယ်သာလန်ကလပ် အေဂျက်နဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ ချန်ပီယံလိဂ် ဒုတိယနေ့ပွဲစဉ်တွေကို စက်တင်ဘာ ၁၆ ရက် (ကြာသပတေးနေ့) နံနက် ၁း၁၅ နာရီမှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်တာကြောင့် ဘောလုံးပရိသတ်များ ရင်ခုန်ရဦးမှာပါ။

အုပ်စု(င)

ဘိုင်ယန်မြူးနစ်-ရိုးမား။ ။ နှစ်သင်းစလုံး ချန်ပီယံလိဂ်နဲ့ မစိမ်းတဲ့အသင်းတွေဖြစ်သလို ခြေစွမ်းပိုင်းကွာဟမှုမှာ အိမ်ရှင်ဘိုင်ယန်မြူးနစ်က အနည်းငယ်သာပါတယ်။ ရာသီသစ်အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပေမယ့် နည်းပြရေနာရီရဲ့ ရိုးမားအသင်းဟာ ထင်သလောက် ဖြစ်မလာသေးပါဘူး။ သရေကျဖို့ရှိပေမယ့် ဘိုင်ယန်မြူးနစ် အနိုင်သေချာတဲ့ပွဲပါ။

ကလုဂ်ျ-ဘေဆယ်။ ။ ရိုမေးနီးယားကလပ် ကလုဂ်ျနဲ့ ဆွစ်ဇာလန်ကလပ် ဘေဆယ်တို့ရဲ့ပွဲစဉ်မှာ အတွေ့အကြုံပိုင်းမှာ ဘေဆယ်ကသာပေမယ့် အိမ်ကွင်းညှစ်အားကောင်းပြီး မထင်မှတ်တာတွေ လုပ်ပြတတ်တဲ့ ကလုဂ်ျ ပွတ်ကာသီကာနိုင်ဖို့ ရှိပါတယ်။

အုပ်စု(စ)

ဇီလီနာ-ချယ်လ်ဆီး။ ။ ဆလိုဗက်ကီးယားအသင်း ဇီလီနာဟာ ချန်ပီယံလိဂ် မျက်နှာသစ်အသင်းတစ်သင်းဖြစ်ပြီး ပရီမီယာလိဂ် ထိပ်သီးချယ်လ်ဆီးကို အန်တုဖို့ဆိုတာ ရှန်းကန်ရဦးမှာပါ။ ခြေစွမ်းပိုင်းမှာ ချယ်လ်ဆီးကို ယှဉ်နိုင်ဖွယ်မရှိတဲ့ ဇီလီနာ အိမ်ကွင်းဖြစ်ပေမယ့် မရှုံးအောင်ဘဲ ကြိုးစားကစားရမှာပါ။ ချယ်လ်ဆီးအနိုင်သေချာတဲ့ပွဲလို့ ယူဆမိပါတယ်။

မာဆေးလ်-စပါးတပ်မော်စကို။ ။ ပြင်သစ်ကလပ် မာဆေးလ်အသင်းဟာ အိမ်ကွင်းကစားအားကောင်းပြီး အမှတ်ပြည့်ရယူလေ့ရှိတဲ့အသင်း ဖြစ်ပါတယ်။ ရုရှားကလပ် စပါးတပ်မော်စကိုက အဝေးကွင်းမှာ ခြေစွမ်းကျဆင်းလေ့ရှိပါတယ်။ မာဆေးအနိုင်လို့ မျှော်လင့်မိပါတယ်။

အုပ်စု(ဆ)

အေစီမီလန်-အော်ဇေး။ ။ အီတလီထိပ်သီး အေစီမီလန်ဟာ အတွေ့အကြုံနဲ့ ခြေစွမ်းမှာ ပြင်သစ်ကလပ် အော်ဇေးထက် များစွာသာလွန်ပါတယ်။ အကောင်းဆုံးပြင်ဆင်မှုတွေနဲ့ ဧည့်သည်အော်ဇေးကို ဧည့်ခံမှာဖြစ်တာကြောင့် အေစီမီလန် အမှတ်ပြည့်ယူမယ့်ပွဲပါ။

ရီးယဲလ်မက်ဒရစ်-အေဂျက်။ ။ မော်ရင်ဟိုရဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ အကောင်းဆုံးစုဖွဲ့မှုကို ပိုင်ဆိုင်ထားပါတယ်။ ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်မှာ အမှတ်ပြည့်ရယူဖို့ မော်ရင်ဟို ကြိုးစားမှာဖြစ်သလို နယ်သာလန်ကလပ် အေဂျက်ကလည်း ကစားအားမာကျောတဲ့အသင်းဖြစ်ပါတယ်။ မော်ရင်ဟိုရဲ့ နည်းဗျူဟာနဲ့အတူ အိမ်ရှင် ရီးယဲလ်မက်ဒရစ်အနိုင်ရဖို့ရှိတယ်လို့ ယုံကြည်မိပါတယ်။

အုပ်စု(ဇ)

အာဆင်နယ်-ဘရာဂါ။ ။ ပရီမီယာလိဂ်မှာ ရလဒ်ကောင်းမွန်နေပြီး ခြေစွမ်းပိုင်းတည်ငြိမ်မှုရှိတဲ့ နည်းပြအာစင်ဝင်းဂါးရဲ့ အာဆင်နယ်နဲ့ ပေါ်တူဂီကလပ် ဘရာဂါတို့ရဲ့ ခြေစွမ်းပိုင်းက ကွာဟလွန်းပြီး အာဆင်နယ်တိုက်စစ်ကို ဧည့်သည် ဘရာဂါအသင်း ပွဲချိန်ပြည့်တောင့်ခံနိုင်ဖို့မလွယ်ပါဘူး။ အာဆင်နယ်ဂိုးပြတ်၊ မပြတ်စောင့်ကြည့်ရမှာပါ။

ရှက်တာဒိုးနက်-ပါတီဇန်။ ။ ယူကရိန်းကလပ် ရှက်တာဒိုးနက်ဟာ အိမ်ကွင်းအားသာချက်နဲ့အတူ ဆားဘီးယားကလပ် ပါတီဇန်ကို အနိုင်ရဖို့ရှိပေမယ့် သရေဆိုတဲ့အဖြေဟာ အမျှတဆုံးပါပဲ။

ရီးယဲလ်မက်ဒရစ် အသင်း တောင်ပံတိုက်စစ်မှူး စီရော်နယ်လ်ဒို။



ချယ်လ်ဆီး တိုက်စစ်ကို ဦးဆောင်လာမည့် ဒရော့ဂ်ဘာ။

ဝင်းတင်(ကြေးမုံ)

ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲပြီးဆုံး စပိန်နိုင်ငံသား ရာဖေးလ်နာဒယ်လ်ဗိုလ်စွဲ

နယူးယောက် စက်တင်ဘာ ၁၄

ဩဂုတ် ၃၀ ရက်က စတင်ကျင်းပခဲ့သည့် ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲကို ယမန်နေ့က ကျင်းပခဲ့ရာ စပိန်နိုင်ငံသား ရာဖေးလ်နာဒယ်လ် အနိုင်ရဗိုလ်စွဲခဲ့သည်။

အသက် (၂၄) နှစ်ရှိ ရာဖေးလ်နာဒယ်လ်သည် ယခုဗိုလ်လုပွဲတွင် နိုင်ခြေအဆင့် (၃)ရှိ ဆားဘီးယားနိုင်ငံသား ဂျန်ကိုဗစ်ကို ၆-၄၊ ၅-၇၊ ၆-၄၊ ၆-၂ ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် ဘယ်လ်ဂျီယံတင်းနစ်မယ် ကာလစ္စတားက ရုရှားတင်းနစ်မယ် ဗိုနာရီဗာကို အနိုင်ရကာ နှစ်နှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့သည်။

အင်တာနက်။

ဖိုးနိုင်ဝင်း (မာစတာပိစ်) ၏ စာအုပ်သစ် လက်မှတ်ရေးထိုးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၄

တူဒေးစာအုပ်တိုက်က ထုတ်ဝေသော ဖိုးနိုင်ဝင်း (မာစတာပိစ်) ရေးသားပြုစုသည့် လွယ်ကူလေ့လာ လက်ပ်တော့ပ်ကွန်ပျူတာ စာအုပ်ဝယ်ယူသူများအား ဆရာကိုယ်တိုင် အမှတ်တရ လက်မှတ်ရေးထိုးပေးမည့် အစီအစဉ်ကို စက်တင်ဘာ ၁၈ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီထိ တူဒေးစာအုပ်ဆိုင် အမှတ် (၂၄၅) မြေညီထပ် ဂမုန်းပွင့်ကုန်တိုက် (မြေနီကုန်း)၌ ကျင်းပမည်ဖြစ်သည်။ ထိုအခမ်းအနားတွင် ဆရာဖိုးနိုင်ဝင်း (မာစတာပိစ်)၏ ထွက်ပြီးသမျှ အခြားစာအုပ်များကိုလည်း ၁၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အင်ဂျင်နီယာသင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၁)** ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)** ဖြစ်ရမည်၊

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊ (၃)လက်မနှင့်ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ၊

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ ဖြင့် အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၀-၉-၂၀၁၀** ရက်နေ့မှ စတင်၍ **၁-၁-၂၀၁၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းမြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃) ပုံကို ပူးတွဲ တင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်း အတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီအထိ၊

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီအထိ၊

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့တွင် ဖြေဆိုကြရမည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို **ဖိုးပိုးမြို့** (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည် အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များ တွင် **၃၀-၁-၂၀၁၁** မှ **၃၁-၁-၂၀၁၁** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **(ကျပ်၄၅၀၀၀/-)** ဒုတိယနှစ် **(ကျပ်၄၆၀၀၀/-)** ရရှိမည်။ သင်တန်းအောင်မြင် ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်နက်ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထား သည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ်တာဝန်ထမ်းဆောင်ရမည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံရေးပါတီ ဆက်လက်ရပ်တည်ခွင့်ပြုခြင်းနှင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်းခြင်း

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉၇/၂၀၁၀) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၉၇/၂၀၁၀)

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
(၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၄ ရက်)

နိုင်ငံရေးပါတီ ဆက်လက်ရပ်တည်ခွင့်ပြုခြင်းနှင့်
မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည့် လွှတ်တော်အသီးသီး၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီ အဖွဲ့အစည်းများအား ၁၈-၃-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၁/၂၀၁၀)ဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားနိုင်ကြောင်းနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ တွင် အကျုံးဝင်သော အောက်ပါ နိုင်ငံရေးပါတီ (၁၀)ပါတီကိုလည်း သတ်မှတ်ထားသည့် ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားနိုင်ကြောင်း **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉၈/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၉၈/၂၀၁၀)

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
(၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၄ ရက်)

နိုင်ငံရေးပါတီများ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၁၃-၈-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၈၉/၂၀၁၀)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာထားပြီး နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များကိုလည်း စိစစ်ခွင့်ပြုခဲ့သည်။ ထို့အပြင် ၁၄-၉-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၉၇/၂၀၁၀)ဖြင့် နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်ရှိသော နိုင်ငံရေးပါတီ (၃၇)ပါတီကိုလည်း ကြေညာခဲ့ပြီးဖြစ်သည်။

၂။ အဆိုပါ နိုင်ငံရေးပါတီ (၃၇)ပါတီအား ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် စည်းရုံးမဲဆွယ်ရန် မိမိတို့ပါတီ၏ မူဝါဒသဘောထား၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**